# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက် | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၃၅၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်အတွင်း လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ မှာကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်နေမှုတို့အား ကြည့်ရှုစစ်ဆေး

## နယ်မြေခံတပ်များနှင့် ဒေသခံများ တစ်သားတည်းဖြစ်နေရမည်ဖြစ်ပြီး အပြန်အလှန်ရိုင်းပင်းကူညီခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် နယ်မြေလုံခြုံရေး၊ ဒေသခံများ၏လုံခြုံရေးကို အတူတကွဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ ၂၃ ရက်နှင့် ယနေ့တို့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။


*စာမျက်နှာ ၃ ကော်လံ ၁ ✻*



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၅ ရက်သာ လိုတော့သည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ပြင်ဦးလွင်မြို့ သုမင်္ဂလာစျေး (ညံတောစျေး) ခြောက်ထပ်အဆင့်မြင့်စျေးသစ် တည်ဆောက်ရေးစီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

*ရှေ့ဖုံးမှ*

ဦးစွာ စစ်တက္ကသိုလ် နဝဒေးခန်းမ၌ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် ပြင်ဦးလွင်တပ်နယ်မှူးတို့က ပြင်ဦးလွင်တပ်နယ်အတွင်း လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အကြမ်းဖက်သောင်းကျန်းသူများထံမှ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြင်ဦးလွင်တပ်နယ်အနေဖြင့် နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ တပ်နယ်အတွင်း နယ်မြေစည်းရုံးရေးလုပ်ငန်းများနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မိမိတို့တာဝန်ထမ်းဆောင်ရသည့်နယ်မြေအလိုက် ဒေသ၏ နယ်မြေဒေသအခြေအနေများ၊ ဒေသဆိုင်ရာအချက်အလက်များကို ခြေခြေမြစ်မြစ်သိရှိထားရမည်ဖြစ်ကြောင်း၊ နယ်မြေခံတပ်များနှင့် ဒေသခံများ တစ်သားတည်းဖြစ်နေရမည်ဖြစ်ပြီး အပြန်အလှန်ရိုင်းပင်းကူညီခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် နယ်မြေလုံခြုံရေး၊ ဒေသခံများ၏လုံခြုံရေးကို အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ပြင်ဦးလွင်မြို့ သုမင်္ဂလာစျေး(ညံတောစျေး) ခြောက်ထပ်အဆင့်မြင့်စျေးသစ် တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ စျေးပတ်လမ်းနှင့် ယာဉ်ရပ်နားရန်နေရာများ၊ ဓာတ်လှေကားများ၊ ရိုးရိုးလှေကားများ၊ ထည့်သွင်းဆောင်ရွက်ထားမှု၊ အများပြည်သူသုံး အဆောက်အဦဖြစ်သဖြင့် စနစ်တကျဆောင်ရွက်လျက်ရှိမှု၊ အထပ်အလိုက် ဆိုင်ခန်းများ ဖွင့်လှစ်နိုင်ရေး

*စာမျက်နှာ ၄ သို့*

> **“ ယခုအဆင့်မြင့်စျေးသစ် တည်ဆောက်စေခြင်းသည် ပြင်ဦးလွင်မြို့၏ လူနေမှုထူထပ်လာမှုများ၊ ခရီးသွားလာမှု များပြားလာမှုများနှင့် ကိုက်ညီသည့် အဆင့်မီစျေးတစ်ခု ဖြစ်ပေါ်လာစေရန်နှင့် ဒေသထွက်နှင့် အခြေခံသုံးကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်းရရှိနိုင်စေရန် ရည်ရွယ်ဆောင်ရွက်စေခဲ့ခြင်းဖြစ် ”**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သုမင်္ဂလာစျေး(ညံတောစျေး) ခြောက်ထပ်အဆင့်မြင့် စျေးသစ်တည်ဆောက်ရေးစီမံကိန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်စဉ်။

*စာမျက်နှာ ၃ မှ*

လျှာထားဆောင်ရွက်လျက်ရှိမှု၊ ကလေးကစားကွင်းနေရာများ၊ ရုပ်ရှင်ရုံများ ထည့်သွင်းတည်ဆောက်နိုင်ရေး လျှာထားဆောင်ရွက်လျက်ရှိမှုနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး ဆိုလာပြားများတပ်ဆင်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**စံပြဈေးဖြစ်ရမည်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ ရေစီးရေလာနှင့် ရေဝင်ရေထွက်ကောင်းမွန်စေရေးတို့ကိုလည်း ထည့်သွင်းစဉ်းစား၍ ရေနုတ်မြောင်းများကို စနစ်တကျထည့်သွင်းတည်ဆောက်သွားရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများအားလုံးပြီးစီးပါက ဈေးဆိုင်ခန်းများ စနစ်တကျဖြစ်စေရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စားသောက်ဆိုင်ခန်းများထားရှိမည့်အထပ်တွင် သန့်ရှင်းမှုရှိစေရေးကို အလေးထားဆောင်ရွက်သွားရန်နှင့် ရေ/မီးစနစ်များ စနစ်တကျရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဓာတ်လှေကားစနစ်တွင် လျှပ်စစ်ဓာတ်မပြတ်တောက်စေရေးသည် အရေးကြီးသဖြင့် ဓာတ်အားပြတ်တောက်မှုမဖြစ်စေရေး ဆိုလာစနစ်ဖြင့် ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ ယခုအဆင့်မြင့်ဈေးသစ်တည်ဆောက်စေခြင်းသည် ပြင်ဦးလွင်မြို့၏ လူနေမှုထူထပ်လာမှုများ၊ ခရီးသွားလာမှု များပြားလာမှုများနှင့်ကိုက်ညီသည့် အဆင့်မီဈေးတစ်ခုဖြစ်ပေါ်လာစေရန်နှင့် ဒေသထွက်နှင့် အခြေခံသုံးကုန်ပစ္စည်းများကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်းရရှိနိုင်စေရန် ရည်ရွယ်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ စံပြဈေးဖြစ်ရမည်ဖြစ်ကြောင်း၊ ဒေသထွက်အသားများ၊ ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများကိုလည်း စနစ်တကျထုပ်ပိုး၍ ထည့်သွင်းရောင်းချနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပွဲတော်ရာသီများ၌ ပြည်တွင်း၊ ပြည်ပခရီးသွားများလာရောက်ချိန်၌ ယာဉ်များ စနစ်တကျရပ်နားနိုင်ရေး၊ စားသောက်ဆိုင်များ စနစ်တကျဖွင့်လှစ်နိုင်ရေး၊ ဆိုင်ခန်းများ စနစ်တကျရှိစေရေး ကြိုတင်တွက်ချက်ဆောင်ရွက်ထားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သုမင်္ဂလာဈေး(ညံတောဈေး) ခြောက်ထပ်အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေး စီမံကိန်းအတွင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် *စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုစဉ်။

*စာမျက်နှာ ၄ မှ*
ပြင်ဦးလွင်မြို့ရှိ သမိုင်းဝင် မဟာရွှေမြင်တင်စေတီတော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်သည်။

ဆက်လက်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညို၍ စေတီတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည့်ပြုပြင်ထိန်းသိမ်းမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်မှာကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြတ်စွာဘုရားရှင်၏ ပါဒခြေတော်ရာဆောင်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြတ်စွာဘုရားရှင်၏ ပါဒခြေတော်ရာဆောင်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

## ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၄**

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်နှင့် ကယားပြည်နယ် လွိုင်ကော်မြို့တို့တွင် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင်လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အဦများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။ **(အောက်ပုံ)**

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့်





အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရောပေးအပ်လှူဒါန်းခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် ရွှေတိုက်တန်းကျေးရွာ စိန်ရတနာကျောင်းတိုက်နှင့် နန္ဒင်းအိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အဆိုပါ ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ကုလားပဲနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် ကျေးရွာများရှိ စာသင်ကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးနေမှုများအား ကြည့်ရှုအားပေးခဲ့ကြသည်။

အလားတူ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် တောင်ငူမြို့နယ်အတွင်းရှိ ရေကြီးမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် အနောက်ဆင်ရွာကျေးရွာ၊ ရွှေလေးတောကျေးရွာအနီး တာတမံဆည်ပေါင်များ ကျိုးကျနေမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆိုပါ ကျေးရွာများရှိ ရေဘေးရှောင်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တောင်ငူမြို့နယ်အတွင်းရှိ ယာယီရေဘေးရှောင်စခန်းများသို့ သွားရောက်၍ ရေဘေးရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ စားသောက်ဖွယ်ရာများ ချက်ပြုတ်ကျွေးမွေးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တောင်ငူမြို့အတွင်း စက်ယန္တရားကြီးများဖြင့် သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ရန်ကုန် - မန္တလေး လမ်းဟောင်းပေါ်ရှိ တံတားများတွင် ပိတ်ဆို့နေသည့် အမှိုက်သရိုက်များကို ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများက ရေစီးရေလာကောင်းမွန်စေရေး သန့်ရှင်းရေးပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ရေကြီးမှုဖြစ်ပေါ်ခဲ့သည့် မြို့နယ်များတွင် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း၊ တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး သင်တန်းသားများ လက်တွေ့ကွင်းဆင်းဆောင်ရွက်

**လက်ပံတန်း စက်တင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းကို GTI ကျောင်း၌ ဖွင့်လှစ်လျက်ရှိရာ သင်တန်းသားများအနေဖြင့် မြေပြင်လက်တွေ့ကောက်ယူခြင်းလုပ်ငန်းကို စက်တင်ဘာ ၂၄ရက်က ကျေးနီကျေးရွာအုပ်စု၌ ကွင်းဆင်းဆောင်ရွက်သည်။ **(ယာပုံ)**



လက်ပံတန်းမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၃ အုပ်စု၊ ကျေးရွာပေါင်း ၃၁၀ ၌ ကောက်ကွက်ပေါင်း ၅၃၆ ကွက်ရှိပြီး စာရင်းစစ်၊ စာရင်းကောက် ၂၀၂ ဦးဖြင့် မြို့နယ်အဆင့်/ရပ်ကျေးအဆင့် ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းပြီး လုံခြုံရေး၊ အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များ ပြင်ဆင်ထားရှိ၍ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်သန်းခေါင်စာရင်း ကော်မတီမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇)မှ ဗိုလ်လောင်းများအား တစ်ဦးချင်းစီ တွေ့ဆုံမေးမြန်းစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇)နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၇) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်

နေပြည်တော် စက်တင်ဘာ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာ ၂၃ ရက်နှင့် ယနေ့တို့တွင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇) စစ်လက်ရုံးရွေးချယ်ပွဲနှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၇) စစ်လက်ရုံးရွေးချယ်ပွဲတို့သို့ သီးခြားစီ တက်ရောက်စိစစ်ရွေးချယ်သည်။

အဆိုပါ စစ်လက်ရုံးရွေးချယ်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၇)မှ ဗိုလ်လောင်းများအား တစ်ဦးချင်းစီ တွေ့ဆုံမေးမြန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် ဆေးကုသနေသော ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

# အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သောရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက် နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏ နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာ တွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတု အခြေအနေအရ အလှူရှင်များမှ ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များအား ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ပွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့် အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များအား စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း စသည့်ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကို ထိခိုက်စေကြောင်း တွေ့ရှိရပါသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေး ချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့် ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများအတွက် နေ့လယ်စာ အာဟာရနှင့် ဆေးရုံအတွက် အလှူငွေများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ သားဖွားမီးယပ်နှင့် ကလေးကုသဆောင်၌ ဆေးကုသမှု ခံယူနေသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားစဉ်။

*စာမျက်နှာ ၆ မှ*

တက်ရောက်ကြပြီး ဗိုလ်လောင်းများအား တစ်ဦးချင်းစီ တွေ့ဆုံမေးမြန်း၍ စာပေပညာ၊ စစ်ပညာတို့တွင်ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်မှု၊ဝါသနာနှင့်သင်တန်းကာလတစ်လျှောက် ကြိုးစားအားထုတ်မှု ရလဒ်များအပေါ် မူတည်၍ ၎င်းတို့နှင့်သင့်လျော်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်လက်ရုံးအသီးသီးအတွက် စိစစ်ရွေးချယ်ပေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တက္ကသိုလ် အနော်ရထာ တပ်ရင်း ဗိုလ်လောင်းစားရိပ်သာနှင့် တပ်မတော်နည်းပညာတက္ကသိုလ် ပညာတန်ဆောင် ဗိုလ်လောင်းစားရိပ်သာတို့၌ သင်တန်းသားဗိုလ်လောင်းများနှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ ပြင်ဦးလွင်မြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ကြပြီး ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ လိုအပ်ချက်များအား မေးမြန်းဖြည့်ဆည်းပေးသည်။

စက်တင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံသို့ ရောက်ရှိကြပြီး နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်များကို ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များအား တစ်ဦးချင်း၏ ထိခိုက်ဒဏ်ရာရရှိမှု၊ ဆေးကုသပေးထားမှုများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားကာ ၎င်းတို့၏တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံ၏ လိုအပ်ချက်များကို မေးမြန်း၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များ၊ သင်တန်းကျောင်းများအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယနေ့နံနက်ပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများအတွက် နေ့လယ်စာအာဟာရနှင့် ဆေးရုံအတွက်အလှူငွေများကို ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံရယူသည်။ ထို့နောက် သားဖွားမီးယပ်နှင့် ကလေးကုသဆောင်ရှိ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ နယ်မြေခံတပ်မတော်ဆေးရုံသို့ရောက်ရှိပြီး သားဖွားမီးယပ်နှင့် ကလေးကုသဆောင်ရှိ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် နေ့လယ်စာအာဟာရနှင့် ဆေးရုံအတွက် လှူဒါန်းငွေများကို ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံရယူခဲ့ကြောင်းနှင့် အာဟာရဌာနခွဲ၌ အရာရှိ၊ စစ်သည်များ၏ နေ့လယ်စာအာဟာရ သုံးဆောင်နေမှုအား လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရွှေပြည်သာမြို့နယ်၌၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း သင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၂၄**

၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသင်တန်းကို စက်တင်ဘာ ၁၇ ရက်မှ ၂၈ ရက်အထိ ရွှေပြည်သာမြို့နယ် သာသနာ့ဗိမာန်တော်ကြီး၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။**(ယာပုံ)**

ရွှေပြည်သာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာများကို ပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးသောင်းမိုး က သန်းခေါင်စာရင်းကောက်ယူခြင်းနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားပြီး အထောက်အကူပစ္စည်းများ ပေးအပ်သည်။

သင်တန်းကို ရွှေပြည်သာမြို့နယ် အမှတ် (၉) အခြေခံပညာ အလယ်တန်းကျောင်းတွင် စက်တင်ဘာ ၁၇ ရက်မှ စက်တင်ဘာ ၂၈ ရက်အထိ သင်တန်းသား သင်တန်းသူ ၃၇၅ ဦးဖြင့် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချလျက်ရှိကြောင်း သိရ သည်။ **မမိုးကံ(ပြန်/ဆက်)**







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အခမ်းအနားတက်ရောက်လာကြသူများက သီတဂူဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကွန်းခိုရာကုမ္ပဏီမိသားစုက လှူဒါန်းသည့် အလှူတော်ငွေကျပ်သိန်း ၁၀၀၀ ကို လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သီတဂူဆရာတော်ကြီးအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

❖ *ကျော့ဖုံးမှ*

ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော သံဃာတော်များနှင့် ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်ကြသည်။

ထို့နောက် ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့မှု အခြေအနေများ၊ ရှာဖွေကယ်ဆယ် ထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေများကို မှတ်တမ်းတင်ထားသည့်"သဘာဝဘေးအန္တရာယ်ကို ညီညွတ်မှုဖြင့် ရင်ဆိုင်ကျော်လွှားကြမည်" Video Clip နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိရေဘေး ဒဏ်ခံခဲ့ရသည့် ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများကို လှူဖွယ်ပစ္စည်းများ ထောက်ပံ့လှူဒါန်းမှု မှတ်တမ်းများကို ပြသသည်။

**ငါးပါးသီလခံယူဆောက်တည်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက သီတဂူ ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ သီတဂူဆရာတော်ကြီး အမှူးပြုသော ဆရာတော်ကြီးများက ဒုက္ခပ္ပတ္တာစ နိဒ္ဒုက္ခာ-ဂါထာနှင့် သဗ္ဗီတိယော ဝိဝဇ္ဇန္တု - ဂါထာတော်တို့ဖြင့် မေတ္တာပြုတော်မူကြသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးက အလှူတော်ငွေ ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ သံဝေဂကထာနှင့် ဩဝါဒကထာ မြွက်ကြား ချီးမြှင့်တော်မူသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ဆက်ကပ်**

ထို့နောက် အလှူငွေများ ပေးအပ်လှူဒါန်းရာ သီတဂူဆရာတော်ကြီး လှူဒါန်းသည့် အမေရိကန် ဒေါ်လာ ၁၀၀၀၀ ကို ဆရာတော်ဘုရားကိုယ်စား ကပ္ပိယကာရကမှ ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လက်ခံရယူပြီး အနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ဆက်ကပ်သည်။

ယင်းနောက် ကွန်းခိုရာကုမ္ပဏီမိသားစုက အလှူတော်ငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းရာ

*စာမျက်နှာ ၉ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အလှူငွေများ ပေးအပ်လှူဒါန်းမှုအပေါ် ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားထားစဉ်။

**❖ နိုင်ငံတော်အစိုးရအနေဖြင့် ရေဘေးကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကျပ်ဘီလီယံ ၃၀ သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် စက်တင်ဘာ ၂၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော အလှူငွေပေးအပ်ပွဲတွင် စေတနာရှင် အလှူရှင်များက ငွေကျပ် ၃၂ ဒသမ ၂ ဘီလီယံကျော်ကို ပေးအပ်လှူဒါန်းခဲ့ကြသဖြင့် လက်ခံရရှိခဲ့ကြောင်း၊ ထိုသို့ လှူဒါန်းမှုသည် နိုင်ငံတော်အတွင်းတွင်ရှိကြသည့် စေတနာရှင်၊ အလှူရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ သဒ္ဓါတရားထက်သန်မှုကို တွေ့မြင်ရပါကြောင်း၊ အဆိုပါအလှူငွေများကိုလည်း သဘာဝဘေးဒဏ်များဖြစ်ပေါ်ခဲ့သည့်နေရာများ၌ အမြန်ဆုံးပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း**

*စာမျက်နှာ ၈ မှ*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လက်ခံရယူပြီး အနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီးနှင့် သံဃာတော်များထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ပြည်ထောင်စုဝန်ကြီးများနှင့်တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ကျေးဇူးတင်ဝမ်းမြောက်စကားလျှောက်ထား**

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အလှူငွေများ ပေးအပ်လှူဒါန်းမှုအပေါ် ကျေးဇူးတင်ဝမ်းမြောက်စကားလျှောက်ထားရာတွင် ရာဂီတိုင်ဖွန်းမုန်တိုင်းနှင့် ဆက်စပ်ရေဘေးဖြစ်ပွားမှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုရှိ မြို့နယ် ၅၄ မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ အဆောက်အအုံများနှင့် စာသင်ကျောင်းများတွင် ရေဝင်နစ်မြုပ်ခဲ့ပါကြောင်း၊ ထို့ပြင် လူဦးရေ ၁ သိန်း ၄ သောင်းကျော် ရေဘေးဒုက္ခရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းအထိ စာရင်းများအရ ၄၁၉ ဦး သေဆုံးခဲ့ရပါကြောင်း၊ ဘာသာရေးနှင့် ပတ်သက်ပြီး ၂၅၃ ကျောင်းနှင့် လမ်းတံတား ၉၂၆ ခု ရေမျောပျက်စီးခဲ့သည့်အပြင် လျှပ်စစ်မီးတိုင်များ၊ ဆက်သွယ်ရေး တာဝါတိုင်များလည်း များစွာပျက်စီးခဲ့ပါကြောင်း၊ အလားတူ တိရစ္ဆာန်တစ်သိန်းကျော် သေဆုံးခဲ့ပြီး စပါးစိုက်ဧက ၇ သိန်း ၅ သောင်းကျော် ပျက်စီးဆုံးရှုံးခဲ့ပါကြောင်း။



သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ ကြွရောက်တော်မူလာစဉ်။

**အားသွန်ခွန်စိုက် ဆောင်ရွက်လျက်**

နိုင်ငံတော် အစိုးရအနေဖြင့် ရေဘေးကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ငွေကျပ် ဘီလီယံ ၃၀ သတ်မှတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် စက်တင်ဘာ ၂၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော အလှူငွေပေးအပ်ပွဲတွင် စေတနာရှင် အလှူရှင်များက ငွေကျပ် ၃၂ ဒသမ ၂ ဘီလီယံကျော်ကို ပေးအပ်လှူဒါန်းခဲ့ကြသဖြင့် လက်ခံရရှိခဲ့ကြောင်း၊ ထိုသို့ လှူဒါန်းမှုသည် နိုင်ငံတော်အတွင်းတွင် ရှိကြသည့် စေတနာရှင်၊ အလှူရှင်များနှင့် စီးပွားရေး လုပ်ငန်းရှင်များ၏ သဒ္ဓါတရားထက်သန်မှုကို တွေ့မြင်ရပါကြောင်း၊ အဆိုပါအလှူငွေများကိုလည်း သဘာဝဘေးဒဏ်များ ဖြစ်ပေါ်ခဲ့သည့် နေရာများ၌ အမြန်ဆုံး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရေဘေးသင့်ဒေသများ၌ ပိတ်ထားခဲ့ရသည့် စာသင်ကျောင်းများ အောက်တိုဘာလအတွင်း အမြန်ဆုံးဖြစ်နိုင်သည့် နေရာမှန်သမျှ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ လိုအပ်သည်များကို စီမံဆောင်ရွက်လျက်ရှိပြီး ထိခိုက်ပျက်စီးခဲ့သည့် ပညာရေး အဆောက်အအုံများကိုလည်း အမြန်ဆုံး ပြန်လည်ပြင်ဆင်တည်ဆောက်ပေးနိုင်ရေး အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိကြောင်း။

**ပြန်လည်တူးဖော်ထိန်းသိမ်း**

ယခင်နှစ်က ဖြစ်ပေါ်ခဲ့သည့် မိုခါမုန်တိုင်း တိုက်ခတ်ပြီးချိန်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအချို့၌ ရေလွှမ်းမိုးမှုများရှိခဲ့မှုအပေါ် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရေဝင်ရေထွက်ကောင်းမွန်စေရေး၊ ရေစီးရေလာ ကောင်းမွန်စေရေးနှင့် စိမ်းလန်းစိုပြည်ရေး တို့အတွက် ရှေးဟောင်းရေကန်များ ပြန်လည်တူးဖော်ပေးခြင်း၊ ရေထုတ်စနစ်များ ဖော်ဆောင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သောကြောင့် ယခုမိုးသည်းထန်စွာ ရွာသွန်းချိန်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ထိခိုက်ပျက်စီးမှုနည်းခဲ့ခြင်းဖြစ်ကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ရှေးဟောင်းရေကန်ပေါင်း ၁၀၆ ကန်အနက် ရေကန် ၈၁ ကန်တို့ကို ပြန်လည်တူးဖော်ထိန်းသိမ်းခဲ့ရာ တူးဖော်ပြီး ၂၈ ကန်၊ ဆောင်ရွက်ဆဲ ၉ ကန်၊ ဆက်လက်တူးဖော်ထိန်းသိမ်းဆောင်ရွက်ဆဲ ရေကန် ၄၇ ကန်ဖြစ်ပြီး ရေကန်များကို ရဟန်းရှင်လူပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုကဲ့သို့ ရေကန်များ တူးဖော်ထိန်းသိမ်းခြင်း၊ ရေလမ်းကြောင်း ၃ ကြောင်း ဖော်ထုတ်တူးဖော်ခြင်းတို့ကြောင့် ရာဂီမုန်တိုင်းနှင့် ဆက်စပ်ရေဘေးဖြစ်ပွားမှုအန္တရာယ်မှ ကင်းလွတ်ခဲ့ပြီး ပုဂံရှေးဟောင်းဘုရားနှင့် သာသနိကအဆောက်အအုံ ၁၁ ခု၌ ထိခိုက်ပျက်စီးမှုအနည်းငယ်သာ ပျက်စီးခဲ့ပါကြောင်း။

ရေကြီးရေလျှံဖြစ်ပွားခဲ့သည့် ဒေသများရှိ ရေဘေးသင့်ပြည်သူများကို သီတဂူဆရာတော်ကြီးအနေဖြင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကို လည်းကောင်း၊ ကွန်းခိုရာ ကုမ္ပဏီမိသားစုက ငွေကျပ်သိန်း ၁၀၀၀ လှူဒါန်းသည့်အတွက် လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ရေဘေးသင့်ပြည်သူများနှင့် ရဟန်းရှင်လူပြည်သူအပေါင်းတို့ကလည်း ဝမ်းမြောက်နုမောသာခုခေါ်မည်သာ ဖြစ်ပါကြောင်း၊ ဆရာတော်ကြီးများ သက်တော်ရာကျော်ရှည်တော်မူပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် သာသနာပြုလုပ်ငန်းများ ဆတက်ထမ်းပိုး ဆောင်ရွက်တော်မူနိုင်ပါစေကြောင်းနှင့် အလှူရှင်မိသားစုများလည်း ကျန်းမာချမ်းသာပါစေကြောင်းဖြင့် လျှောက်ထားတင်ပြသည်။

**ရေစက်ချတရားနာယူ**

ယင်းနောက် သီတဂူဆရာတော်ကြီးထံမှ ရေစက်ချတရားနာယူကြရာ ဆရာတော်ဘုရားကြီးနှင့် ကွန်းခိုရာကုမ္ပဏီမိသားစုမှ လှူဒါန်းသည့် အလှူတော်ငွေများ အပါအဝင် စက်တင်ဘာ ၂၁ ရက်တွင် လှူဒါန်းခဲ့ကြသည့် အလှူရှင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီး၌ လှူဒါန်းခဲ့ကြသည့် အလှူရှင်များအပါအဝင် နိုင်ငံရပ်ခြားမှ အလှူရှင်များအတွက် ရည်ရွယ်လျက် ကရုဏာအလှူတော်ကုသိုလ်အဖြစ် လည်းကောင်း၊ ရာဂီ တိုင်ဖွန်းမုန်တိုင်းကာလအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် မိုးရွာသွန်းမှုများပြားလျက် ရေကြီးရေလျှံတောင်ပြိုခြင်း ဒုက္ခဒဏ်ခံစားခဲ့ရပြီး အကြောင်းအမျိုးမျိုးကြောင့် သေဆုံးသွားခဲ့ရသူများအပေါင်းတို့ကို ကျွတ်လွတ်ပါစေခြင်းအကျိုးငှာ ဖိတ်ခေါ်လျက်လည်းကောင်း မေတ္တာပို့သခြင်း၊ သာဓုခေါ်ဆိုနိုင်စေခြင်းငှာ ရေစက်ချ အမျှပေးဝေခြင်းများ စသည့် ကရုဏာအလှူတော်ကုသိုလ်ကောင်းမှုဆောင်ရွက်ပြီးနောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ရေဘေးဒဏ်ခံစားရသော ဒေသများအတွက် အလှူရှင်များက အလှူငွေများလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၄**

ရေဘေးဒဏ်ခံစားရသော ဒေသများအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၌ ကျင်းပပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက ဌာန၊ အဖွဲ့အစည်းများနှင့် စေတနာရှင် အလှူရှင်များက ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့် အလှူငွေများကို လက်ခံရယူကာ ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါ အခမ်းအနားတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ခုံရုံးအဖွဲ့ဝင်နှင့် ဝန်ထမ်းများက ငွေကျပ်သိန်း ၅၀၊ Diamond Brothers Group က ငွေကျပ်သိန်း ၅၀ စုစုပေါင်း ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အိမ်မဲမြို့နယ် ကန်ကြီးဒေါင့်ကျေးရွာ၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**အိမ်မဲ စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် သစ်တောဦးစီးဌာနမှ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ကန်ကြီးဒေါင့်ကျေးရွာ၌ ကျင်းပသည်။

အဆိုပါမိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကန်ကြီးဒေါင့်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများက အိမ်မဲ - ကန်ကြီးဒေါင့် ဆက်သွယ်ရေးကားလမ်းဘေးတွင် ကျွန်းပင်၊ ပျဉ်းကတိုးပင်၊ မန်ကျည်းပင် စုစုပေါင်းအပင် ၁၀၀ တို့ကို စိုက်ပျိုးပေးကြသည်။


**မြို့နယ် (ပြန်/ဆက်)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ပင်လောင်းမြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ငွေများပေးအပ်

ဟိုပုံး စက်တင်ဘာ ၂၄

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်သည် ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် မြသိန်းတန်ပရိယတ္တိစာသင်တိုက်၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး သဘာဝဘေးကြောင့် ဆုံးရှုံးမှုများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။**



ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် မြသိန်းတန်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ မင်္ဂလအားဖူးမြော်ကြည်ညို၍ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ အလှူတော်ငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ရေဘေးနှင့်ကြုံတွေ့ရသည့် ပြည်သူများ၏ ဆုံးရှုံးမှုများကို အမြန်ပြန်လည်ထူထောင်ပေးမည်ဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်နိုင်ရေးလုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ပြီး အဓိကဆောင်ရွက်ရမည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုအတွက် ဦးစားပေးဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။ **(အောက်ပုံ)**

**ရေဘေးသင့်မှုအခြေအနေတင်ပြ**

ယင်းနောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်မည့်လုပ်ငန်းများကို တင်ပြပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်းမြို့နယ် သုံးမြို့နယ်၏ ရေဘေးသင့်မှုအခြေအနေများကို တင်ပြသည်။





ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်ရာ ခေတ္တမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌကလည်းကောင်း၊ (PNO)အဖွဲ့ အတွင်းရေးမှူးချုပ် ဦးခွန်သိန်းဖေက ထောက်ပံ့ငွေကျပ်သိန်း ၅၀ ကို ပေးအပ်ရာ မြို့မိမြို့ဖ တစ်ဦးကလည်းကောင်း လက်ခံရယူသည်။

**စက်ရုံလည်ပတ်နေမှုကြည့်ရှု**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် နောင်တရားအာလူးအအေးခန်းနှင့် နောင်တရားသဘာဝမြေသြဇာစက်ရုံ လည်ပတ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် နောင်တရားသဘာဝမြေသြဇာစက်ရုံ ဧည့်ခန်းမဆောင်တွင် ဒေသခံများနှင့်တွေ့ဆုံ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က သဘာဝဘေးကြောင့် ပျက်စီးသွားသည့် စာသင်ကျောင်းများ၊ လမ်းများ၊ တံတားများနှင့် ကျန်းမာရေးဆေးပေးခန်းများကို စာရင်းကောက်ယူပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးပြန်လည်ဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် နိုင်ငံတော်နှင့်အတူ ဒေသအလှူရှင်များ၊ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်လျှင် ပိုမိုအောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများက လိုအပ်သည်များကို တင်ပြဆွေးနွေးရာ ပြည်နယ်အဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဒေသခံများ၏တင်ပြချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ပြန်လည်ဆွေးနွေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က သဘာဝဘေးဒဏ်ပြင်းထန်စွာခံစားခဲ့ရသည့် နောင်မူဒေသ ပြန်လည်ထူထောင်ရေးအတွက် ငွေကျပ်သိန်း ၅၀ နှင့် နောင်တရားဒေသ ပြန်လည်ထူထောင်ရေးအတွက် ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း **(အပေါ်ပုံ)**၊ ဒေသခံအလှူရှင်များဖြစ်သည့် အောင်ပန်းမြို့ CB ဘဏ်မှ ငွေကျပ်သိန်း ၅၀၊ နောင်တရားအာလူးစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ ငွေကျပ်သိန်း ၃၀ စုစုပေါင်း ငွေကျပ်သိန်း ၂၃၀ ကို ပေးအပ်ရာ မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီနှင့် ဒေသခံများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ - တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးတို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၄

မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးအလုပ်သဘောခရီးစဉ်ဖြင့် ရောက်ရှိနေသော ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Liu Yong ခေါင်းဆောင်သော အဖွဲ့ဝင် ခြောက်ဦး ပါအဖွဲ့သည် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦး၊ နာယက၊ ဒုဥက္ကဋ္ဌ၊ အမှုဆောင်များနှင့် ယနေ့ မွန်းတည့် ၁၂ နာရီတွင် ဆီဒိုးနားဟိုတယ်၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ယုံကြည်မှုတိုးမြှင့်တည်ဆောက်ရေး၊ အေးအတူပူအမျှ ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်ရေး၊ နှစ်နိုင်ငံပြည်သူချင်း ဆက်ဆံရေးကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေးနှင့် နှစ်နိုင်ငံအကျိုးစီးပွားကို အလေးထားဖော်ဆောင်ရေးတို့ကို ဆွေးနွေးကြသည်။ ထို့နောက် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းက ဧည့်သည်တော်များအား ဒဂုံခန်းမ၌ နေ့လယ်စာနှင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ရေဝင်ရောက်ခဲ့သည့် အခြေခံပညာကျောင်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၄**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးသည် နေပြည်တော် ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် သစ်ခေါက်ခွကျေးရွာ အခြေခံပညာ မူလတန်းကျောင်းနှင့် သုခါရာမကျောင်းတိုက်အတွင်း၌ ရေဝင်ရောက်ပြီး တင်ကျန်နေသည့် နုန်းများ၊ သစ်ကိုင်းများနှင့် အမှိုက်များကို တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုပြီး ကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းနှင့် ကျောင်းဝင်းကျင်သန့်ရှင်းရေးနှင့် ပြန်လည်ပြုပြင်ရန် လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် သုခါရာမကျောင်းတိုက်၌ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများ၊ လူသုံးကုန်ပစ္စည်းများနှင့် ထမင်းဘူးများ ထောက်ပံ့ပေးအပ်သည်။



**ဆက်ကပ်လှူဒါန်း**

ယင်းနောက် လယ်ဝေးမြို့နယ် စမတောင် မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ်ကျောင်း ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **သတင်းစဉ်**

# ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်စပါးခင်းများ ပြန်လည်ကုစားရန် သွင်းအားစုများထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၄**

နေပြည်တော် ကောင်စီနယ်မြေအတွင်း ရေကြီးနစ်မြုပ်၍ ထိခိုက်ခဲ့သော စပါးခင်းများကို ပြန်လည်ကုစားရန် သွင်းအားစုများ ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့နံနက်ပိုင်းက ဇေယျာသီရိမြို့နယ် ကြို့ပင်ကျေးရွာ ပင်လောင်း လမ်းမကြီးဘေး၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးနှင့် နေပြည်တော် ကောင်စီဝင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက စက်တင်ဘာလအတွင်း ထူးကဲသည့် မိုးရွာသွန်းခဲ့မှုများကြောင့် နေပြည်တော်ကောင်စီနယ်မြေ အတွင်း တောင်ကျချောင်းရေ၊ မြောင်းရေ၊ ကွင်းရေများ ပြည့်လျှံပြီး ရေကြီးရေလျှံခြင်း ဖြစ်ပေါ်ခဲ့သဖြင့် မိုးစပါးနှင့် သီးနှံစိုက်ကွင်းများ ရေကြီးနစ်မြုပ်၍ ပျက်စီးဆုံးရှုံးမှု ကြုံတွေ့ခဲ့ရကြောင်း၊

ပျက်စီးသွားသည့် စပါးခင်းများအနေဖြင့် ဆည်ရေသောက်ဧရိယာတွင် ပါဝင်ပါက တတ်နိုင်သမျှ စပါးပြန်လည်စိုက်ပျိုးကြရန် တိုက်တွန်းလိုပါကြောင်း၊ တောင်သူများ အရန်သင့် ပြန်လည်စိုက်ပျိုးနိုင်ကြစေရန် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များ၌ စပါးပျိုးထောင်ခြင်းလုပ်ငန်းများကို စီမံဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း၊ စပါးပြန်လည်စိုက်ပျိုးလိုခြင်းမရှိသည့် တောင်သူများအနေဖြင့် အခြားသီးနှံများ စိုက်ပျိုးလိုပါက မျိုးလိုအပ်ချက်၊ ထွန်ယက်ရေး လိုအပ်ချက်များကို သက်ဆိုင်ရာ စိုက်ပျိုးရေးရုံးများ၊ စက်မှုလယ်ယာရုံးများနှင့် ဆက်သွယ် ဆောင်ရွက်နိုင်ကြပါကြောင်း၊ ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်စပါးခင်းများကို ပြန်လည်ကုစားရန် လိုအပ်သည့်နည်းစနစ်များကို တောင်သူများ မျက်မြင်လက်တွေ့ သိရှိသွားကြရန်နှင့် လက်တွေ့ ဆောင်ရွက်နိုင်ကြစေရန် ရည်ရွယ်၍ ယနေ့အခမ်းအနားတွင် စုပေါင်းလှုပ်ရှားမှုအသွင်ဖြင့် ကွင်းသရုပ်ပြပွဲ ကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ထိခိုက်ခဲ့သော စိုက်ခင်းများကို အချိန်မီကုစား ဆောင်ရွက်နိုင်ရေးအတွက် နေပြည်တော်ကောင်စီအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးနေမှု အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရေကြီးနစ်မြုပ်ဒဏ်ခံခဲ့ရသည့် စိုက်ကွင်းများ၌ ကြုံတွေ့နိုင်သော သီးနှံပိုးမွှားရောဂါဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ရေကြီးနစ်မြုပ်စပါးခင်းများ ရေပြန်ကျချိန်တွင် အထွက်နှုန်း မထိခိုက်စေရန် ပြန်လည်ကုစားခြင်း လုပ်ငန်းအနေဖြင့် သွင်းအားစုများ ထည့်သွင်းခြင်းနှင့်သတိပြုသင့်သည့် နည်းပညာရပ်ဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ရေကြီးနစ်မြုပ်ခဲ့သည့် နေပြည်တော်ကောင်စီ နယ်မြေအတွင်းမှ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့နယ်များမှ တောင်သူများကိုယူရီးယား၊ ပိုတက်နှင့် ကျောက်မှုန့်ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာကြသောတောင်သူများ၏ မေးမြန်းတင်ပြချက်များအပေါ် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်စပါးခင်းများ ပြန်လည်ကုစားရေးအတွက် သွင်းအားစုများ ထည့်သွင်းရန် ကြိုတင်ပြင်ဆင်မှု သရုပ်ပြခြင်း၊ ရေကြီးနစ်မြုပ် စပါးခင်းများ ပြန်လည်ကုစားရန် ရွက်ဖျန်းအားဆေးပက်ဖျန်းခြင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ရောစပ်ထည့်သွင်းခြင်း လုပ်ငန်းများ စုပေါင်းဆောင်ရွက်မှု လက်တွေ့ သရုပ်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ မိုးစပါးဧက ၅၀၀၀၀ အပါအဝင် သီးနှံစုံဧက ၅၅၀၀၀ ကျော် ရေနစ်မြုပ်ခဲ့ပြီး စက်တင်ဘာ ၂၁ ရက်အထိ မိုးစပါးဧက ၄၂၀၀၀ ကျော် ရေပြန်ပေါ်လာသည့်အနက် ဧက ၃၀၀၀၀ ကျော် ထိခိုက်ပြီး ဧက ၂၀၀၀၀ ကျော် ပျက်စီးသွားကြောင်း၊ ပျက်စီးသွားခြင်းမရှိဘဲ ထိခိုက်ရုံသာ ထိခိုက်ခဲ့သည့် စပါးခင်းများ အထွက်နှုန်းလျော့နည်းမသွားစေရေး အချိန်မီပြန်လည်ကုစားခြင်းလုပ်ငန်းများကိုတောင်သူများစနစ်တကျလိုက်နာဆောင်ရွက်နိုင်စေရန် ယခုကဲ့သို့ ကွင်းသရုပ်ပြသ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ယခုကျင်းပသည့် ကွင်းသရုပ်ပြပွဲအတွက် လိုအပ်သော ဧက ၁၀၀ စာ ဓာတ်မြေဩဇာများ၊ ရွက်ဖျန်းအားဆေးများကို မာလာမြိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်က လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကျင်းပ

**အိမ်မဲ စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့တွင် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီက အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



ရှေးဦးစွာ လူငယ်စကားဝိုင်း ကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဋ္ဌေးဋ္ဌေးလှိုင်နှင့် အတူ ကျောင်းသား ကျောင်းသူလေးများက "လူငယ်နှင့်စာဖတ်ခြင်း ဝါသနာ"၊ "ယဉ်ကျေးမှုအစစ် လူ့အနှစ်"၊ "လူငယ်နှင့်ပျော်ရွှင်မှု"၊ " လူငယ်နှင့် ကိုယ်ကျင့်တရား" ခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးက အမှာစကား ပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြိုင်ပွဲအသီးသီးတွင် ဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ချစ်သက်လယ်**
**(ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**ပြင်ဦးလွင် စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ယမန်နေ့က ရပ်ကွက်ကြီး(၂၁)၊ မိုးကြိုးကွက်သစ်ရှိ ယာယီတိုက်ပွဲရှောင်များနှင့် ဒေသခံပြည်သူ ၁၂၀ ကို ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးသည်။



မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အထွေထွေရောဂါများ ကြည့်ရှုကုသခြင်း၊ အရေပြားရောဂါများ ကုသပေးခြင်း၊ သွားကျန်းမာရေးစစ်ဆေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ ငှက်ဖျားရောဂါ ရှာဖွေစစ်ဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည့်အပြင် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ မျောက်ကျောက်ရောဂါ အစရှိသည့် ကျန်းမာရေးအသိပညာများကိုလည်း အသိပညာပေးဟောပြောသည်။

**သွေးသွေး (ပြန်/ဆက်)**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို စက်တင်ဘာ ၂၄ ရက်က ရုံးလမ်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် လူစည်ကားရာနေရာများ၌ ဖြန့်ဝေပေးစဉ်။

မြို့နယ်(ပြန်/ဆက်)



❐ *ကျောဖုံးမှ*

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် လည်းကောင်း၊ မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့ညမှ ၂၅-၉-၂၀၂၄ ရက်နေ့အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်းများနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ၂၀၂၅ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ မြန်မာနှင့် ကာဂျစ္စတန် ယနေ့ကစားမည်

**ရန်ကုန် စက်တင်ဘာ ၂၄**

၂၀၂၅ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ အုပ်စု (I) ပွဲစဉ်များကို စက်တင်ဘာ ၂၅ ရက်(**ယနေ့**)တွင် ကာဂျစ္စတန်နိုင်ငံ၌ စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အိမ်ရှင်ကာဂျစ္စတန်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။ခြေစစ်ပွဲကို အုပ်စု ၁၀ ခုခွဲ၍ ကျင်းပလျက်ရှိပြီး ငါးသင်းပါဝင်သည့် အုပ်စုပွဲများကို စက်တင်ဘာ ၂၁ ရက်ကတည်းက စတင်ကျင်းပလျက်ရှိသည်။ မြန်မာအသင်းသည် အုပ်စု (I) တွင် ဂျပန်၊ တာ့ခ်မင်နစ္စတန်၊ ကာဂျစ္စတန်အသင်းတို့နှင့် ပါဝင်နေပြီး ယင်းအုပ်စုပွဲစဉ်များကို ကာဂျစ္စတန်နိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ အုပ်စု (I) ပထမနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ဂျပန်အသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်း၊ မြန်မာစံတော်ချိန် ည ၈ နာရီခွဲတွင် မြန်မာအသင်းနှင့် ကာဂျစ္စတန်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်ရှိ ရေဘေးရှောင်ပြည်သူများအား တွေ့ဆုံအားပေးထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၂၄**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာ အောင်မြေရတနာဘုန်းတော်ကြီးကျောင်းနှင့် ပုဗ္ဗသီရိမြို့နယ် ရွှေမင်္ဂလာပေါက်တော ဘုန်းတော်ကြီးကျောင်းတို့ရှိ ရေဘေးရှောင်ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးထောက်ပံ့သည်။

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နှစ်ပေါင်းများစွာတွင် နေပြည်တော်၌ မဖြစ်ပွားဖူးသည့် ရေကြီးရေလျှံမှုကြောင့် နေပြည်တော်ရှိ မြို့နယ်ငါးမြို့နယ်တွင် ထိခိုက်ပျက်စီးမှုအခြေအနေ၊ နိုင်ငံတော်အစိုးရအနေဖြင့် ထောက်ပံ့ထားရှိမှုအခြေအနေ၊ နေထိုင်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးတို့အတွက် နိုင်ငံတော်ကတတ်နိုင်သမျှ ဆက်လက်ပံ့ပိုးကူညီမည့် အခြေအနေတို့ကို ရှင်းလင်း၍ အားပေးစကား ပြောကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လမ်းပန်းဆက်သွယ်မှု ပြန်လည်ကောင်းမွန်ရေး၊ ဆေးရုံဆေးခန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး (ဝဲပုံ) နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ရေကြီးရေလျှံမှုကြောင့် အသက်ဆုံးရှုံးခဲ့ရသူတို့၏ မိသားစုဝင်များအား နိုင်ငံတော်မှ ထောက်ပံ့သည့် ငွေကျပ်ငါးသိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့သည့် ငွေကျပ်သုံးသိန်း၊ နေပြည်တော်ကောင်စီမှ ထောက်ပံ့သည့် ငွေကျပ်နှစ်သိန်း စုစုပေါင်း ငွေကျပ် ၁၀ သိန်းစီကိုလည်းကောင်း၊ နေအိမ်ရေမြောပါပျက်စီးဆုံးရှုံးရသူများအတွက် မိသားစုအလိုက် ကယ်ဆယ်ရေးပစ္စည်းများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် (နေပြည်တော်)နှင့် Save The Children တို့မှ တာဝန်ရှိသူများက လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ရာဂီတိုင်ဖွန်းမုန်တိုင်းဒဏ်ကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများတွင် သေဆုံးခဲ့သော ဒေသခံပြည်သူများ၏ မိသားစုဝင်များထံ နိုင်ငံတော်အစိုးရမှ ထောက်ပံ့ငွေများ ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၄**

ရာဂီတိုင်ဖွန်းမုန်တိုင်းနှင့် ဆက်စပ်ရေဘေး ဖြစ်ပွားမှုများကြောင့် နေပြည်တော်ကောင်စီ နယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုရှိ မြို့နယ်ပေါင်း ၅၄ မြို့နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ချောင်းရေနှင့် မြစ်ရေများ အဆက်မပြတ်မြင့်တက်လာမှုနှင့်အတူ ရပ်ကွက်၊ ကျေးရွာများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး လမ်း၊ တံတားအချို့ ရေတိုက်စားပျက်စီးခြင်း၊ လူနေအိမ်၊ ရုံး/ဌာနအဆောက်အအုံ၊ စာသင်ကျောင်း၊ အခြားအဆောက်အအုံများအား ရေဝင်နစ်မြုပ်ခြင်း၊ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ပြီး လူနှင့်တိရစ္ဆာန်များ သေဆုံးဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့သည်။

**အလှူရှင်များက ထောက်ပံ့ငွေများပေးအပ်**

အဆိုပါ မုန်တိုင်းဒဏ်ကြောင့် သေဆုံးသူအပါအဝင် ထိခိုက်ဒဏ်ရာရရှိမှု၊ ပျက်စီးဆုံးရှုံးမှုများအပေါ် နိုင်ငံတော်အစိုးရမှ ထောက်ပံ့ငွေများ အမြန်ဆုံးပေးအပ်နိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်တင်ဘာ ၁၇ ရက်တွင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ အစည်းအဝေးတွင် လမ်းညွှန်ခဲ့မှုအရ သေဆုံး၊ ဒဏ်ရာရရှိသူများအနက် သေဆုံးသူများကို ဦးစားပေးအဖြစ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အလှူရှင်များက ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီ နယ်မြေအတွင်း မုန်တိုင်းနောက်ဆက်တွဲဒဏ်ကြောင့်သေဆုံးခဲ့သည့်သူများအနက် ပုဗ္ဗသီရိမြို့နယ်မှ သေဆုံးသူ ၁၁ ဦး၊ ပျဉ်းမနားမြို့နယ်မှ သေဆုံးသူ ခုနစ်ဦး၊ ဇေယျာသီရိမြို့နယ်မှ သေဆုံးသူလေးဦးတို့ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ငွေကျပ်ငါးသိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ငွေကျပ်သုံးသိန်းနှင့် နေပြည်တော်ကောင်စီမှ ငွေကျပ်နှစ်သိန်း စုစုပေါင်း သေဆုံးသူတစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ၂၂ ဦးတို့၏ မိသားစုဝင်များ လက်ဝယ်သို့ သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ထောက်ပံ့ပေးအပ်သည်။



ပုဗ္ဗသီရိမြို့နယ်မှ သေဆုံးသူ ၁၁ ဦးအတွက် နေပြည်တော်ကောင်စီမှ တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းကို မိသားစုဝင်များထံ ထောက်ပံ့ပေးအပ်စဉ်။

**ထောက်ပံ့မှုများ ဆက်လက်ပေးရန်စီစဉ်**

ဆက်လက်၍ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မုန်တိုင်းဒဏ်ကြောင့် သေဆုံးခဲ့သူများ၏မိသားစုဝင်များထံသို့လည်း ဆက်လက်ထောက်ပံ့ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိမှု အခြေအနေနှင့် အိုးအိမ်များ ပျက်စီးဆုံးရှုံးမှုအခြေအနေများအပေါ် မူတည်၍လည်း လိုအပ်သည့်ထောက်ပံ့ကူညီမှုများကို ဆက်လက်ဆောင်ရွက်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# စင်ကာပူပြည်သူများက မြန်မာနိုင်ငံရေဘေးသင့်ဒေသ ပြည်သူများသို့လှူဒါန်းသည့် အစားအစာနှင့် လူသုံးကုန်ပစ္စည်းများ ရန်ကုန်မြို့သို့ စတင်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၄**

မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး/ပြည်နယ်အချို့တွင် မကြာသေးမီက မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေကြီး၊ ရေလျှံမှုများဖြစ်ပွားလျက်ရှိသည့် ရေဘေးသင့်ဒေသများသို့ စင်ကာပူနိုင်ငံရှိ Singapore Sinhala Buddhist Association၊ Mahakaruna Buddhist Society နှင့် Willing Hearts လူမှုကူညီရေးအသင်းတို့က လူသားချင်းစာနာထောက်ထားမှု အကူအညီများအဖြစ် အာဟာရဖြည့်ဆန်အိတ်များ၊ လူကြီး / ကလေးအဝတ်အထည်များနှင့် ဂျာကင်၊ ဦးထုပ်နှင့် ဖိနပ်များ၊ အစားအစာများနှင့် ရေချိုးဆပ်ပြာ၊ ဆပ်ပြာတောင့်စသည့် လူသုံးကုန်ပစ္စည်းများ ခန့်မှန်း ၁၀ တန်ပမာဏကို မြန်မာသံရုံး စင်ကာပူမြို့မှတစ်ဆင့် လှူဒါန်းခဲ့သည်။



အဆိုပါလှူဒါန်းပစ္စည်းများကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၃ ရက်မှ ၂၇ ရက်အတွင်း စင်ကာပူမြို့မှ ရန်ကုန်မြို့သို့ ပျံသန်းပြေးဆွဲလျက်ရှိသော Myanmar National Airways (MNA) နှင့် Myanmar Airways International (MAI) လေကြောင်းလိုင်းများမှ ရေဘေးသင့် မြန်မာပြည်သူများအကျိုးအတွက် အခမဲ့သယ်ယူပို့ဆောင်ပေးမှုပြုခဲ့ပြီး စက်တင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပစ္စည်းပမာဏ နှစ်တန်ကျော် စတင်တင်ပို့ရောက်ရှိခဲ့သည်။

စင်ကာပူ ပြည်သူများက သက်ဆိုင်ရာပရဟိတအဖွဲ့အစည်းများမှတစ်ဆင့် ပေးပို့လှူဒါန်းသည့် ပစ္စည်းများကို မြန်မာနိုင်ငံ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ဒေသများရှိ ပြည်သူများထံသို့ ဆက်လက်ဖြန့်ဝေပေးပို့သွားမည်ဖြစ်သည်။

မြန်မာသံရုံး စင်ကာပူအနေဖြင့် စင်ကာပူနိုင်ငံရှိ Singapore Sinhala Buddhist Association၊ Mahakaruna Buddhist Society နှင့် Willing Hearts အသင်းတို့နှင့် လက်တွဲ၍ မြန်မာနိုင်ငံ ရေဘေးသင့်ဒေသပြည်သူများသို့ လှူဒါန်းမှုများ အဆင်ပြေချောမွေ့စွာ ရောက်ရှိနိုင်ရေးအတွက် ပံ့ပိုးကူညီပေးလျက်ရှိပြီး မြန်မာနှင့် စင်ကာပူ နှစ်နိုင်ငံဆက်ဆံရေးတွင် အခြေခံအကျဆုံးသော အစိတ်အပိုင်းဖြစ်သည့် နှစ်ဖက်ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်အားပေးကူညီမှုများ တိုးပွားစေရန် အားဖြင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မတ္တရာမြို့နယ် ကုန်းတန်းလေးရွာရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် စက်တင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ကုန်းတန်းလေးရွာရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများဖြင့် ဝါဒဖြန့်ဝေနေသည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ ကုန်းတန်းလေးရွာတွင် အကြမ်းဖက်သမားများက ပြည်သူများကိုခြိမ်းခြောက်၍ အတင်းအဓမ္မ ဆက်ကြေးကောက်နေပြီး နေအိမ်အချို့နှင့် ကျေးရွာအတွင်းရှိ အများပြည်သူ




အသုံးပြုလျက်ရှိသည့် လမ်းများတွင် မိုင်းထောင်ထားရှိကြောင်း တာဝန်သိပြည်သူတစ်ဦး၏သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများအန္တရာယ်မဖြစ်ပွားစေရေးအတွက် မိုင်းများကို သွားရောက်ရှင်းလင်းဆောင်ရွက်နေစဉ် အကြမ်းဖက်သမားများက Drop ဗုံးများဖြင့် လာရောက်တိုက်ခိုက်ခဲ့ရာ ဗုံးသီးများသည် နေအိမ်များအပေါ်သို့ ကျရောက်ပေါက်ကွဲရာမှ လူနေအိမ်များ မီးလောင်ပျက်စီးခဲ့ရကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ယင်းဖြစ်စဉ်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန်နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာ ဖြစ်ပြီး ပြည်သူများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များ လျှော့နည်းပပျောက်ပြီး တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရန်အတွက် မိမိတို့ နေထိုင်ရာပတ်ဝန်းကျင်၌ အကြမ်းဖက်သမားများ၏ သတင်းများရှိပါက နီးစပ်ရာ လုံခြုံရေးတပ်စခန်းများကို လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးနှိုးဆော်ထားသည်။

သတင်းစဉ်

## စစ်တောင်းမြစ်ရေ တောင်ငူမြို့နှင့် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၂၄

ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရွှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရဲဝင်းဦးစီး၍ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ သီးခြားတပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၄ ရက်က ဗန်းမော်မြို့နယ်မြေခံဆေးတပ်ရင်း၌ စုပေါင်းသွေးလှူဒါန်းစဉ်။ ခရိုင်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၄ ရက်က ကျောင်းတွင်းရပ်ကွက်ရှိ ဝိဟာရရာမဘုန်းကြီးကျောင်းဝင်းအတွင်း၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဇော် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

## ပဲခူးမြစ်ရေ ပဲခူးမြို့တွင် စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၂၄

ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရွှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# နိုင်ငံတကာသတင်း



## အီရန်နိုင်ငံက အရှေ့အလယ်ပိုင်းတွင် စစ်ပွဲဖြစ်ပွားမှုကို မလိုလားကြောင်း သမ္မတ ပီဇက်ရှခီယန် ပြော

နယူးယောက် စက်တင်ဘာ ၂၄

အီရန်နိုင်ငံသည် အရှေ့အလယ်ပိုင်းတွင် စစ်ပွဲဖြစ်ပွားရန် မလိုလားကြောင်း သမ္မတ မာဆွတ် ပီဇက်ရှခီယန်က ပြောသည်။ ၎င်းသည် တနင်္လာနေ့က နယူးယောက်မြို့၌ သတင်းထောက်များကို ပြောကြားခဲ့ခြင်းဖြစ်သည်။

၎င်းသည် ရာထူးဆက်ခံပြီးနောက်ပိုင်း ပထမဆုံးအကြိမ် ကုလသမဂ္ဂအထွေထွေညီလာခံ တက်ရောက်ရန် အမေရိကန်သို့ ရောက်ရှိနေသည်။ အီရန်သမ္မတက အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့အကြား ဖြစ်ပွားနေသည့် ပဋိပက္ခအရှိန်မြင့်တက်လာမှုကို ရည်ညွှန်းပြောကြားခဲ့သည်။ အီရန်နိုင်ငံသည် လက်ဘနွန်အခြေစိုက် ရှိယိုက် မွတ်စလင် အဖွဲ့ကို ကျောထောက်နောက်ခံပေးထားသည်။

ငြိမ်းချမ်းစွာ နေထိုင်လိုကြောင်း၊ စစ်ပွဲမဖြစ်ပွားလိုကြောင်းနှင့် အစ္စရေးက ပဋိပက္ခဖြစ်ပွားရန် ဖန်တီးနေကြောင်း သမ္မတက ပြောသည်။ ထို့ပြင် ၎င်းက ဇူလိုင်လတွင် တီဟီရန်မြို့၌ ဟားမားစ် ထိပ်တန်းခေါင်းဆောင်တစ်ဦး သတ်ဖြတ်ခံရမှုနှင့် ပတ်သက်ပြီး အစ္စရေးကိုလက်တုံ့ပြန်မည်ဟု ပြောကြားထားသည်။

အီရန်သမ္မတသည် အနာဂတ်ဆိုင်ရာ ကုလသမဂ္ဂထိပ်သီးအစည်းအဝေးတွင်လည်း မိန့်ခွန်းပြောကြားခဲ့သည်။ ဂါဇာကမ်းမြောင် စစ်ဆင်ရေးအတွင်း အမျိုးသမီးများနှင့် ကလေးငယ်အများအပြား သေဆုံးခဲ့မှုကြောင့် အစ္စရေးကို ပြစ်တင်ရှုတ်ချခဲ့သည်။

ဂါဇာကမ်းမြောင်တွင် အရပ်သားများ ရက်စက်စွာ သတ်ဖြတ်ခံရသော ကမ္ဘာကြီးတွင် စာရွက်စာတမ်းများက ငြိမ်းချမ်းရေးကို အာမခံပေးနိုင်လိမ့်မည် မဟုတ်ကြောင်းလည်း ၎င်းက ဆက်ပြောသည်။

အင်န်အိတ်ချ်ကေ

## ဟစ်ဇ်ဘိုလာတို့၏ ရာနှင့်ချီသော ပစ်မှတ်များကို အစ္စရေး တိုက်ခိုက်

### ယင်းတိုက်ခိုက်မှုကြောင့် ၄၉၂ ဦးထက်မနည်း သေဆုံးပြီး ၁၆၄၅ ဦး ဒဏ်ရာရ

ဂျေရုဆလင် စက်တင်ဘာ ၂၄

ဟစ်ဇ်ဘိုလာအဖွဲ့၏ စွမ်းဆောင်ရည်နှင့် အခြေခံအဆောက်အအုံများကို ဆုတ်ယုတ်စေရန် လက်ဘနွန်ရှိ ရာနှင့်ချီသော ပစ်မှတ်များကို အစ္စရေးတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၃ ရက်က လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ အဆိုပါတိုက်ခိုက်မှုတွင် ၄၉၂ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၁၆၄၅ ဦး ဒဏ်ရာရရှိခဲ့သည်။

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာနှစ်ဖက်အဖွဲ့များသည် နယ်စပ်ဒေသတွင် လနှင့်ချီတိုက်ခိုက်ခဲ့ကြသည်။ သို့သော် ယခုနောက်ဆုံးတိုက်ခိုက်မှုသည် ၂၀၀၆ ခုနှစ် စစ်ပွဲ နောက်ပိုင်း အသေအပျောက်အများဆုံးဖြစ်သည်ဟု အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အစ္စရေးတပ်ဖွဲ့သည် ဒုံးလက်နက်နှင့် ဒရုန်းယာဉ်များဖျက်ရန် ဟစ်ဇ်ဘိုလာတို့ အသုံးပြုခဲ့သော နေရာများအပါအဝင် ပစ်မှတ်ပေါင်း ၈၀၀ ခန့်ကို တိုက်ခိုက်ခဲ့သည်။ အဆိုပါပစ်မှတ်နေရာ အနီးတစ်ဝိုက်တွင် နေထိုင်သော ဒေသခံများကို ချက်ချင်းထွက်ခွာကြရန် အစ္စရေးတပ်ဖွဲ့က သတိပေးခဲ့သည်။

နှစ်ဖက် တိုက်ခိုက်မှုသည် နယ်စပ်ဒေသအနီးနေထိုင်သူများကို အိုးမဲ့အိမ်မဲ့စွန့်ခွာထွက်ပြေးမှုကို ဖြစ်စေခဲ့သည်။ ကားတစ်စီးနှင့် ထွက်ပြေးသူတစ်ဦးက မည်သည့်ကိစ္စများ ဖြစ်ပျက်နေသည်ကို မသိကြောင်း ပြောကြားခဲ့သည်။

လက်ဘနွန် ပြည်သူများကို ရည်ညွှန်းပြီး ဟစ်ဇ်ဘိုလာများသည် ၎င်းတို့ကို လူသားဒိုင်းများအဖြစ် အသုံးပြုနေသည်ဟု အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု က ပြောကြားခဲ့သည်။

သင်တို့၏ ဧည့်ခန်းအတွင်း ဒုံးလက်နက်များကို တပ်ဆင်ထားပြီး ကားဂိုဒေါင်များအတွင်း ဒုံးကျည်များကို တပ်ဆင်ထားကြောင်း၊ အဆိုပါ ဒုံးလက်နက်များနှင့် ဒုံးကျည်များသည် မိမိတို့၏ မြို့တော်များနှင့် မိမိတို့၏ နိုင်ငံသားများကို တိုက်ရိုက်ချိန်ထားကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပြောကြားခဲ့သည်။

အစ္စရေး မြောက်ပိုင်းရှိ လေတပ် အခြေစိုက်စခန်းနှင့် စစ်ဘက်အဆောက်အအုံများကို ဒုံးလက်နက်များနှင့် လက်တုံ့ပြန်ပစ်ခတ်ခဲ့ကြောင်း ဟစ်ဇ်ဘိုလာ တပ်ဖွဲ့မှူးများက ပြောသည်။ ဟစ်ဇ်ဘိုလာ တိုက်ခိုက်ရေးသမားများသည် ဒုံးလက်နက် ၁၈၀ ခန့် ပစ်ခတ်ခဲ့ကြောင်း အစ္စရေးမီဒီယာက ဖော်ပြခဲ့သည်။ ၎င်းတို့ထဲမှ အချို့ကို အစ္စရေးလေကြောင်းကာကွယ်ရေးစနစ်များက ကြားဖြတ်တိုက်ခိုက်နိုင်ခဲ့ပြီး ကျန်ဒုံးလက်နက်များသည် လဟာပြင်သို့ ကျရောက်ခဲ့သော်လည်း ထိခိုက်ဒဏ်ရာရှိသူ မရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ



# သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်ခဲ့ပြီးချိန်မှာ ပျက်စီးဆုံးရှုံးမှုရှိခဲ့ရင် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူခြင်းနဲ့ ပြန်လည်ပြုပြင်ခြင်းတွေ အမြန်ဆုံးဆောင်ရွက်ပြီး ဓာတ်အားပြန်လည် ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါတယ်

**ဦးရဲတိုးသွင်၊ ဦးဆောင်ညွှန်ကြားရေးမှူး**

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် အချို့တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စက်တင်ဘာလအတွင်း ထူးကဲသည့် မိုးရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး ဓာတ်အားလိုင်းများ၊ တာဝါတိုင်များ ပြိုလဲပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။ ထိုသို့ ရေကြီးရေလျှံမှုကြောင့် ပြိုလဲပျက်စီးသွားသည့် ဓာတ်အားလိုင်း ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိရာ ပြည်သူများ လျှပ်စစ်ဓာတ်အား အမြန်ဆုံးပြန်လည်သုံးစွဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတိုးသွင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။



ဦးရဲတိုးသွင်
ဦးဆောင်ညွှန်ကြားရေးမှူး



ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ရေကြီးရေလျှံမှုကြောင့် ပြိုလဲပျက်စီးသွားသည့် ဓာတ်အားလိုင်းပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစဉ်။

**မေး ။ ။ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ရေကြီးရေလျှံမှုကြောင့် ဓာတ်အားလိုင်းများ၊ တာဝါတိုင်များ ပြိုလဲပျက်စီးမှုများ ဖြစ်ပေါ်ခဲ့တဲ့အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေနဲ့ ဓာတ်အားလိုင်းများ စောင့်ကြည့်ပြုပြင်ထိန်းသိမ်းမှုအခြေအနေကို အရင်ဆုံး သိပါရစေ။**

ဖြေ ။ ။ ရေကြီးမှုဖြစ်ပေါ်တဲ့နေရာတွေမှာ လျှပ်စစ်နဲ့ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှုအနေနဲ့ ရေကြီးရေလျှံတဲ့နေရာတွေ၊ ရပ်ကွက်တွေ၊ ကျေးရွာတွေကို လိုက်လံသတင်းယူစစ်ဆေးပြီး လျှပ်စစ်အန္တရာယ် မဖြစ်ပေါ်စေဖို့အတွက် ထရန်စဖော်မာအလိုက် ကြိုတင်ဓာတ်အားဖြတ်တောက်ပါတယ်။ ဌာနပိုင်မီတာတွေ ရေနစ်မြုပ်မှုကြောင့် ဆုံးရှုံးမှုမရှိစေဖို့အတွက် မီတာများ ယာယီဖြုတ်သိမ်းခြင်း၊ ရေတက်လာတဲ့အခါ ဌာနပိုင်ထရန်စဖော်မာနဲ့ ဆက်စပ်ပစ္စည်းတွေ ရေနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေဖို့အတွက် ထရန်စဖော်မာတွေနဲ့ ဆက်စပ်ပစ္စည်းတွေ ရေလွတ်တဲ့ နေရာတွေကို ယာယီရွှေ့ပြောင်းပေးခြင်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ရေမနစ်မြုပ်သေးတဲ့ နေရာတွေမှာ ဓာတ်အားပေးနိုင်ဖို့အတွက် အချို့ထရန်စဖော်မာတွေ၊ 400 V Panel တွေကို ရေထိစပ်လာရင် အပေါ်ကိုမြှင့်တင်ပေးပြီးတော့ ဓာတ်အားပေးလို့ရအောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဝန်ကြီးဌာနအနေနဲ့ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှု၊ ချို့ယွင်းမှုတွေ မဖြစ်ပေါ်စေရေး၊ လျှပ်စစ်အန္တရာယ် မဖြစ်စေရေး၊ ဓာတ်အားလွှတ်ပစ္စည်းတွေနဲ့ ဓာတ်အားလိုင်းပစ္စည်းတွေ ထိခိုက်ပျက်စီးမှု နည်းပါးစေရေးတို့အတွက် ကြိုတင်ကာကွယ်မှု ဆောင်ရွက်နိုင်ဖို့နဲ့ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်ခဲ့ပြီးချိန်မှာ ပျက်စီးဆုံးရှုံးမှုရှိခဲ့ရင် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူခြင်းနဲ့ ပြန်လည်ပြုပြင်ခြင်းတွေ အမြန်ဆုံးဆောင်ရွက်ပြီး ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ဓာတ်အားလိုင်းတွေ၊ တာဝါတိုင်တွေ ပြိုလဲပျက်စီးမှု မဖြစ်ပေါ်စေရေးအတွက် ဓာတ်အားလိုင်း/ဓာတ်အားခွဲရုံ/တာဝါတိုင် ကြံ့ခိုင်မှုတွေကို မိုးရာသီမှာမဟုတ်ဘဲ အချိန်ပြည့် စောင့်ကြည့်စစ်ဆေးလျက်ရှိတဲ့အပြင် သဘာဝဘေးအန္တရာယ်တွေကြောင့် ဓာတ်အားလိုင်းတွေ၊ တာဝါတိုင်တွေ ပြိုလဲပျက်စီးမှု ဖြစ်ပေါ်ခဲ့ရင် အချိန်နဲ့တစ်ပြေးညီ ပြုပြင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ ရေကြီး ရေလျှံမှုတွေကြောင့် ပျက်စီးမှုဖြစ်ပေါ်ခဲ့တဲ့ လျှပ်စစ်ဓာတ်အားလိုင်းတွေ အခြေအနေကို သိပါရစေ။**

ဖြေ ။ ။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အချို့မှာ ဖြစ်ပွားခဲ့တဲ့ ရေကြီးရေလျှံမှုတွေကြောင့် လျှပ်စစ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အဦတွေ ပျက်စီးဆုံးရှုံးမှုအပေါ် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်အထိ စာရင်းကောက်ယူရရှိမှုအနေနဲ့ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းမှာဆိုရင် ၂၃၀ ကေဗွီ ရွှေမြို့-နေပြည်တော် ဓာတ်အားလိုင်း တာဝါတိုင်လေးတိုင်၊ ၂၃၀ ကေဗွီ သာစည် - ရွှေမြို့ ဓာတ်အားလိုင်း တာဝါတိုင်ငါးတိုင် ပြိုလဲပျက်စီးခဲ့တယ်။ တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်နဲ့ ပုဗ္ဗသီရိမြို့နယ်တွေအတွင်းမှာ ၃၃ ကေဗွီ ဓာတ်အားလိုင်း ခုနစ်လိုင်း ဓာတ်အားပြတ်တောက်ခဲ့ပြီး စုစုပေါင်း ဓာတ်အားလိုင်းတိုင် ၁၈၅၂ တိုင်၊ ထရန်စဖော်မာ ၃၃ လုံး ပျက်စီးမှု ဖြစ်ပေါ်ခဲ့ပါတယ်။

ဒီလို ပျက်စီးမှုဖြစ်ပေါ်ခဲ့တဲ့ ၃၃ ကေဗွီ ဓာတ်အားလိုင်း ခုနစ်လိုင်းအနက် ၃၃ ကေဗွီ ပင်လောင်း (၁) နဲ့ ၃၃ ကေဗွီ ဇေယျာသီရိ ဓာတ်အားလိုင်း နှစ်လိုင်းကို အရေးပေါ်ပြုပြင်ပြီးတော့ စက်တင်ဘာလ ၁၁ ရက်၊ ညနေပိုင်းကတည်းက ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။

ပြီးတော့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(တပ်ကုန်း)ကို အမြန်ဆုံး ပြန်လည် ဓာတ်အားပို့လွှတ်နိုင်ဖို့အတွက် ကင်းသာတံတားအနီးမှာ ၃၃ ကေဗွီလိုင်း ပေ ၄၂၀၀ တည်ဆောက်ပေးပြီးတော့ MRTV 2 ဓာတ်အားလိုင်းနဲ့ ချိတ်ဆက်ဆောင်ရွက်ခြင်းတွေကို စက်တင်ဘာလ ၁၂ ရက်မှာ စတင်ဆောင်ရွက်ခဲ့ပြီးတော့ စက်တင်ဘာလ ၁၅ ရက် ညနေ ၆ နာရီမှာ ၁၀၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးခဲ့တဲ့အတွက် ဓာတ်အားပြန်လည် ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ပြီးတော့ တပ်ကုန်းမြို့နယ်ဆေးရုံကို လျှပ်စစ်ဓာတ်အား ပြန်လည်ပို့လွှတ်ပေးနိုင်ခဲ့ပြီး အခုလက်ရှိ အခြေအနေမှာ တပ်ကုန်းမြို့ပေါ် ခြောက်ရပ်ကွက်ရှိတဲ့အနက် ငါးရပ်ကွက်ကို လျှပ်စစ်ဓာတ်အား ပြန်လည်ပို့လွှတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။

တခြားသော တိုင်းဒေသကြီးလေးခုနဲ့ ပြည်နယ်လေးခုအပါအဝင် စုစုပေါင်း ပျက်စီးဆုံးရှုံးမှုအနေနဲ့ ဓာတ်အားလိုင်းတိုင် ၂၃၄၆ တိုင်၊ ထရန်စဖော်မာ ၃၈ လုံး ပျက်စီးမှု ဖြစ်ပေါ်ခဲ့ပါတယ်။ တချို့တိုင်းဒေသကြီး၊ ပြည်နယ်တွေရဲ့ နေရာတချို့မှာက ရေပြန်လည်ကျဆင်းခြင်း မရှိသေးပါဘူး။ ဒါကြောင့် မြေပြင်သေချာစွာ မစစ်ဆေးနိုင်တဲ့ ရွာတွေရှိနေပြီးတော့ ကျွန်တော်တို့အနေနဲ့ စစ်ဆေးလို့ရတဲ့၊ ဆောင်ရွက်လို့ရတဲ့ လုပ်ငန်းအားလုံးကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေဖြစ်တဲ့ မြို့ကြီး၊ ကျိုင်းတောင်း၊ အထက်ပေါင်းလောင်း စက်ရုံ သုံးရုံ၊ တောင်တော်ကွင်း နေရောင်ခြည်သုံးဓာတ်အားပေးစက်ရုံနဲ့ တီကျစ်ကျောက်မီးသွေးစက်ရုံတို့မှာလည်း ရေများဝင်ရောက်မှုကြောင့် ယာယီစက်ရပ်တန့်ထားခဲ့ရပါတယ်။

ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ညဓာတ်အားထုတ်လုပ်မှု ရပ်တန့်ခြင်းမရှိပေမယ့် ရေတိုက်စားမှုကြောင့် ရေထုတ်ပြွန်တွေ ပျက်စီးခြင်း၊ တည်ဆောက်ဆဲ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းမှာ ဝန်ထမ်းအိမ်ရာ ရှစ်လုံး ရေဝင်ရောက်ပျက်စီးခြင်း၊ အလယ်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းမှာ မြေသားလျှော့ကျမှုကြောင့် လမ်းဘေးရေနုတ်မြောင်းတွေ ပြိုကျပိတ်ဆို့ခြင်း ဖြစ်ပေါ်ခဲ့တာရှိပါတယ်။

*စာမျက်နှာ ၁၅ သို့*

**◆ ဓာတ်အားလိုင်းတွေ၊ တာဝါတိုင်တွေ ပြိုလဲပျက်စီးမှုမဖြစ်ပေါ်စေရေး အတွက် ဓာတ်အားလိုင်း / ဓာတ်အားခွဲရုံ / တာဝါတိုင် ကြံ့ခိုင်မှုတွေကို မိုးရာသီမှာမဟုတ်ဘဲ အချိန်ပြည့် စောင့်ကြည့်စစ်ဆေးလျက်ရှိတဲ့အပြင် သဘာဝဘေးအန္တရာယ်တွေကြောင့် ဓာတ်အားလိုင်းတွေ၊ တာဝါတိုင်တွေ ပြိုလဲပျက်စီးမှု ဖြစ်ပေါ်ခဲ့ရင် အချိန်နဲ့ တစ်ပြေးညီ ပြုပြင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**



ရေကြီးရေလျှံမှုကြောင့် ပြိုလဲပျက်စီးသွားသည့် ဓာတ်အားလိုင်းပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် စက်တင်ဘာ ၂၄**

၂၀၂၄ ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ဆက်လက်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ယနေ့ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ယှဉ်ပြိုင်ကစားကြရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အသင်းက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအသင်းက မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

အဆိုပါ ပြိုင်ပွဲကို ဝန်ထမ်းများ ကျန်းမာကြံ့ခိုင်စေရန်၊ စည်းလုံးညီညွတ်စေရန်၊ အားကစားစိတ်ဓာတ်ဖြင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်နိုင်စေရန်နှင့် နိုင်ငံ့ကိုယ်စားပြု အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။



ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် အားကစားဝါသနာရှင်များ ၂၀၂၄ ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ် ကြည့်ရှုအားပေးစဉ်။

၂၀၂၄ ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲကို စက်တင်ဘာ ၂၅ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအသင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအသင်းတို့က လည်းကောင်း၊ တတိယနေရာလုပွဲကို မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအသင်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအသင်းတို့ကလည်းကောင်း ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

*စာမျက်နှာ ၁၄ မှ*

**မေး ။ ။ ပျက်စီးမှုဖြစ်ပေါ်ခဲ့တဲ့ ဓာတ်အားလိုင်းနဲ့ တာဝါတိုင်တွေ ဓာတ်အား ပြန်လည်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ဖို့ ဘယ်လိုအစီအမံတွေ ချမှတ်ဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ။ ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်နဲ့ ပုဗ္ဗသီရိမြို့နယ်တွေအတွင်းမှာ ပျက်စီးမှုဖြစ်ပေါ်ခဲ့တဲ့ ဓာတ်အားလိုင်း ငါးလိုင်းကို အမြန်ဆုံး ပြုပြင်ပြီး ဓာတ်အားပြန်လည်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ဖို့အတွက် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်/မြို့ ၁၀ မြို့နယ်က ဝန်ထမ်းတွေ၊ ဝန်ကြီးဌာနနဲ့ လက်တွဲဆောင်ရွက်လျက်ရှိတဲ့အပြင်ပြင်ပလျှပ်စစ်အဖွဲ့တွေက လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း စုစုပေါင်း ၃၀၈ ဦးနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

မန္တလေးတိုင်းဒေသကြီး အတွင်း ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်နဲ့ ရမည်းသင်းခရိုင်တွေက တချို့နေရာတွေမှာ ဓာတ်အားပြတ်တောက်လျက်ရှိပြီးတော့ သက်ဆိုင်ရာမြို့နယ်အသီးသီးမှာ အမြန်ဆုံးပြင်ဆင်နိုင်ရေးကို တိုင်းဒေသကြီးရဲ့ ကြီးကြပ်မှုနဲ့ စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။။ ကူမဲမြို့နယ်၊ မြို့ပေါ်ရပ်ကွက်ငါးခုနဲ့ ကျေးရွာ စုစုပေါင်း ၉၉ ရွာကို စက်တင်ဘာလ ၁၆ ရက်မှာ၊ မြစ်သားမြို့နယ် မြို့ပေါ်ရပ်ကွက် သုံးခုကို စက်တင်ဘာလ ၁၈ ရက်မှာ၊ ရမည်းသင်းမြို့နယ်ကို စက်တင်ဘာလ ၁၉ ရက်မှာ အသီးသီး လျှပ်စစ်ဓာတ်အားပြန်လည်ပို့လွှတ်ပြီးဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးတစ်ခုလုံးမှာ ပျက်စီးခဲ့တဲ့ ဓာတ်အားလိုင်းတွေ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းရဲ့ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီးဖြစ်ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့မှာ ၁၁ ကေဗွီမြို့တွင်းဓာတ်အားလိုင်း ချို့ယွင်းပျက်စီးမှုကို ပြန်လည်ပြုပြင်ပြီးတော့ စက်တင်ဘာလ ၁၅ ရက် ညနေ ၄နာရီမှာ၊ ရေပေးဝေရေး ဓာတ်အားလိုင်းတွေကို စက်တင်ဘာလ ၁၈ ရက်မှာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့တဲ့အတွက် ကလောမြို့ပေါ် မီးသုံးစွဲသူ ၈၅ ရာခိုင်နှုန်းကို ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။

တောင်တော်ကွင်း နေရောင်ခြည်သုံး ဓာတ်အားပေးစက်ရုံက ထုတ်လုပ်တဲ့ ဓာတ်အားကို ပို့လွှတ်ပေးလျက်ရှိတဲ့အပြင် ၃၃ ကေဗွီ တောင်တော်ကွင်းစက်ရုံ-တောင်တော်ကွင်းခွဲရုံ ဓာတ်အားလိုင်းကိုလည်း မဟာဓာတ်အားလိုင်းမှူးရုံးသာစည်၊ အုန်းတော၊ ရွှေစာရံရှိ လိုင်းဝန်ထမ်း ၇၀ တို့က စက်တင်ဘာလ ၁၁ ရက်မှာ စတင်ဆောင်ရွက်ခဲ့ပြီးတော့ ပြုပြင်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်ပြီးစီးခဲ့တဲ့အတွက် စက်တင်ဘာလ ၁၄ ရက်မှာ ဓာတ်အားပုံမှန်ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုပဲ ၃၃ ကေဗွီ မြို့ကြီး-တောင်တော်ကွင်း ဓာတ်အားလိုင်းကိုလည်း အမြန်ဆုံးပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ၆၆ ကေဗွီ ကျိုင်းတုံ-မိုင်းခုတ်-မိုင်းဆတ် ဓာတ်အားလိုင်းရဲ့ မိုင်းခုတ် - မိုင်းဆတ်အပိုင်းမှာ ကနဦး စစ်ဆေးမှုအရ တာဝါတိုင်နှစ်တိုင် ပြိုလဲခဲ့တဲ့အတွက် မိုင်းဆတ်မြို့ ဓာတ်အားပြတ်တောက်လျက်ရှိပါတယ်။ လမ်းတွေကောင်းမွန်ပြီး ရေကျဆင်းသွားတဲ့အချိန် အမြန်ဆုံးသွားရောက်ပြင်ဆင်နိုင်ဖို့ အသင့်စောင့်ဆိုင်းလျက်ရှိပါတယ်။ ရေဝင်ရောက်မှုတွေ ဖြစ်ပေါ်ခဲ့တဲ့ ဓာတ်အားပေးစက်ရုံတွေကို ရေစုပ်ထုတ်ခြင်း၊ နုန်းမြေများ ရှင်းလင်းခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ ပြည်သူတွေ သိရှိအောင် ဖြည့်စွက် ပြောကြားချင်တာ ရှိရင်လည်း ပြောပြပေးပါ။**

ဖြေ ။ ။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေနဲ့ ပြည်သူတွေကို အသိပေးလိုတာ ရှိပါတယ်။ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ရင် အများပြည်သူအနေနဲ့ မိမိအိမ်အထိ ရေရောက်ပြီဆိုတာနဲ့ မီးလာနေသည်ဖြစ်စေ၊ မီးပျက်နေသည်ဖြစ်စေ အရင်ဆုံး နေအိမ်ရှိ မိန်းခလုတ်ကို ပိတ်ထားဖို့ လိုအပ်ပါတယ်။ ပြီးမှ လျှပ်စစ်ဌာနကို အကြောင်းကြားပေးဖို့ လိုအပ်ပါတယ်။

ပြည်သူတွေအနေနဲ့ လျှပ်စစ်ဓာတ်အားပေးထားတဲ့နေရာတွေမှာ ရေစိုတဲ့ခန္ဓာကိုယ်၊ ခြေ၊ လက်တွေနဲ့ လျှပ်စစ်အသုံးအဆောင်ပစ္စည်းတွေကို ကိုင်တွယ်ရာမှာ အထူးဂရုပြုကိုင်တွယ်ဖို့ လိုအပ်ပါတယ်။ ရေစိုတဲ့ ခန္ဓာကိုယ်ဟာ လျှပ်စစ်စီးမှု အားကောင်းတဲ့အတွက် ဓာတ်လိုက်မှုဖြစ်နိုင်ခြေအများဆုံးဖြစ်သလို ထိခိုက်သေဆုံးမှု အများဆုံးဖြစ်နိုင်ပါတယ်။

ဒါကြောင့် အများပြည်သူအနေနဲ့ ရေစိုနေတဲ့အချိန်မှာ လျှပ်စစ်ပစ္စည်းတွေကို ကိုင်တွယ်ခြင်း မပြုဖို့၊ မလွှဲသာလို့ ကိုင်တွယ်ရရင်လည်း ခန္ဓာကိုယ်ကို ခြောက်သွေ့အောင် ပြုလုပ်ပြီးမှသာ ဒါမှမဟုတ်ရင် လျှပ်ကာပစ္စည်းတစ်ခုခု အသုံးပြုပြီး ကိုင်တွယ်ဆောင်ရွက်သင့်ပါတယ်။ နောက်တစ်ချက်က ရေကြီးလာတဲ့အတွက် ဓာတ်အားလွှတ်ထားတဲ့ လျှပ်စစ် ဓာတ်အားလိုင်းကြိုးနဲ့ ရေမျက်နှာပြင် နီးကပ်လာတာတွေ ရှိပါတယ်။

တချို့ရေတက်တဲ့အချိန် ရေထဲကနေ လှေနဲ့ သွားလာလုပ်ကိုင်ရတာတွေ ရှိပါတယ်။ အဲဒီလို သွားတဲ့အချိန် ဓာတ်အားလိုင်းကြိုးနဲ့ ရေပြင်နီးကပ်တဲ့အချိန်မှာ ဓာတ်အားလိုင်းကြိုးအောက်ကနေ အမှုမဲ့အမှတ်မဲ့ ဖြတ်သန်းသွားလာခြင်းမပြုဖို့ အသိပေး ပြောကြားလိုပါတယ်။ နောက်တစ်ချက်က ရေထဲပြုတ်ကျနေတဲ့ ဆားဗစ်ကြိုးတွေ၊ ဓာတ်အားလိုင်းကြိုးတွေကို ကိုင်တွယ်ခြင်းမပြုဖို့နဲ့ တွေ့ရှိက နီးစပ်ရာ လျှပ်စစ်ရုံးတွေမှာ အကြောင်းကြားပေးဖို့ ပြောကြားလိုပါတယ်။

**အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

**မင်းဟန်**



ပြည်သူများ လျှပ်စစ်ဓာတ်အား အမြန်ဆုံးပြန်လည်သုံးစွဲနိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများ ကြိုးပမ်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

**“ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ ပြည်သူတွေကို အသိပေးလိုတာရှိပါတယ်။ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ရင် အများပြည်သူအနေနဲ့ မိမိအိမ်အထိ ရေရောက်ပြီဆိုတာနဲ့ မီးလာနေသည်ဖြစ်စေ၊ မီးပျက်နေသည်ဖြစ်စေ အရင်ဆုံး နေအိမ်ရှိ မိန်းခလုတ်ကို ပိတ်ထားဖို့ လိုအပ်ပါတယ်။ ပြီးမှ လျှပ်စစ်ဌာနကို အကြောင်းကြားပေးဖို့ လိုအပ် ”**

# ဂျပန်နိုင်ငံ အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌသစ် ရွေးချယ်ပွဲ

**တက္ကသိုလ်မောင်ရှုပ**

*(ယမန်နေ့မှအဆက်)*

**(၃) စီးပွားရေးလုံခြုံမှုရရှိရေးဝန်ကြီး တာကာချိ ဆာနာအဲ (Takachi Sanae)**

ဂျပန်နိုင်ငံရဲ့ နိုင်ငံရေးလောကမှာ အမျိုးသမီးတွေ ပိုမိုတက်ကြွစွာ ပါဝင်လာစေဖို့ ဆွေးနွေးပြောဆိုနေကြချိန်မှာ မစ္စ တာကာချိ ဆာနာအဲဟာ မျှော်လင့်ချက်တွေ ပေးစွမ်းနိုင်မယ့် အလားအလာရှိသူတစ်ဦးဖြစ်ပါတယ်။ ၁၉၆၁ ခုနှစ်မှာ မွေးဖွားခဲ့လို့ အသက် ၆၃ နှစ်ရှိပြီဖြစ်တဲ့ မစ္စ တာကာချိ ဆာနာအဲဟာ ကိုဘေးတက္ကသိုလ်က စီးပွားရေးစီမံခန့်ခွဲမှုဘာသာရပ်နဲ့ ဘွဲ့ရရှိခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်မှာ နာရာမဲဆန္ဒနယ်ကနေ တစ်သီးပုဂ္ဂလ အောက်လွှတ်တော်အမတ်အဖြစ် ရွေးချယ်ခံရပြီး နိုင်ငံရေးလောကကို စတင်ဝင်ရောက်လာခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်မှာ New Frontier Party အောက်ကနေ နာရာမဲဆန္ဒနယ်မှာပဲ အောက်လွှတ်တော်အမတ်အဖြစ် ရွေးချယ်ခံခဲ့ရပါတယ်။ ၁၉၉၆ ခုနှစ် နိုဝင်ဘာလမှာ အယ်လ်ဒီပီပါတီကို ဝင်ရောက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှာ အယ်လ်ဒီပီပါတီအောက်ကနေ အောက်လွှတ်တော်အမတ်အဖြစ် ရွေးချယ်ခံခဲ့ရပါတယ်။ ၂၀၀၂ ခုနှစ် ဝန်ကြီးချုပ်ကိုအိဇုမိလက်ထက်မှာ စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ စက်မှု ဒုတိယဝန်ကြီးအဖြစ် ထမ်းဆောင်ခဲ့ပါတယ်။ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးရဲ့ ပထမသက်တမ်းအစိုးရအဖွဲ့မှာ သိပ္ပံနဲ့နည်းပညာမူဝါဒရေးရာ ဒုတိယဝန်ကြီး၊ လူငယ်နှင့် ကျားမ တန်းတူညီမျှရေး ဒုတိယဝန်ကြီး စတဲ့တာဝန်တွေ ထမ်းဆောင်ခဲ့သလို ဝန်ကြီးချုပ် ရှင်ဇိုအာဘေးရဲ့ ဒုတိယသက်တမ်းအစိုးရအဖွဲ့မှာ ပြည်ထဲရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးအဖြစ် နှစ်ကြိမ်တိုင်တိုင် ခန့်အပ်ခံခဲ့ရပါတယ်။

မစ္စ တာကာချိ ဆာနာအဲဟာ ၂၀၂၁ ခုနှစ် စက်တင်ဘာလမှာ ပြုလုပ်ခဲ့တဲ့ အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌရွေးချယ်ပွဲမှာ လက်ရှိဝန်ကြီးချုပ် ကီရှီဒါ၊ လက်ရှိ ဒစ်ဂျစ်တယ်ပြုပြင်ပြောင်းလဲရေးဝန်ကြီး တာရို ကိုနိုတို့နဲ့အတူ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ သူဟာ ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးရဲ့ ထောက်ခံမှုကို အပြည့်အဝရရှိခဲ့သူဖြစ်သော်လည်း ပထမအကျော့ရွေးချယ်မှုမှာပဲ ရှုံးနိမ့်ခဲ့ပါတယ်။ ၂၀၂၂ ခုနှစ်မှာ ဝန်ကြီးချုပ် ကီရှီဒါက သူ့ကို စီးပွားရေးလုံခြုံမှုရရှိရေးဝန်ကြီး (Minister in charge of Economic Security) အဖြစ် ခန့်အပ်တာဝန်ပေးအပ်ခဲ့ပြီး ယခုတိုင် တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။

မစ္စတာကာချိ ဆာနာအဲက သူ့အနေနဲ့ အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ရွေးချယ်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားမယ်လို့ စက်တင်ဘာလ ၉ ရက်နေ့က သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး တရားဝင်ကြေညာခဲ့ပါတယ်။ သူက အယ်လ်ဒီပီပါတီအနေနဲ့ ပုံစံသစ်နဲ့ ပြန်လည်ပေါ်ထွက်လာစေဖို့ လိုအပ်နေသလို ဂျပန်နိုင်ငံအနေနဲ့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု၊ စားနပ်ရိက္ခာနဲ့ စွမ်းအင်လုံလောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ဆိုက်ဘာလုံခြုံရေးကဏ္ဍတွေမှာ ပိုမိုအလေးထားကိုင်တွယ်ဆောင်ရွက်သွားဖို့ လိုအပ်နေကြောင်း၊ ကာကွယ်ရေးကဏ္ဍမှာလည်း ဓာတုလက်နက်၊ ဇီဝလက်နက်၊ အဏုမြူလက်နက်၊ ပေါက်ကွဲမှုပြင်းအားကြီးမားတဲ့ လက်နက်တွေနဲ့အကြမ်းဖက်တိုက်ခိုက်လာနိုင်မှုတွေအတွက် တန်ပြန်တုံ့ပြန်နိုင်စွမ်းကို မြှင့်တင်သွားဖို့လိုကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း ဂျပန်နိုင်ငံရဲ့ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ရဲ့ အခန်းကဏ္ဍကို ရှင်းရှင်းလင်းလင်းဖော်ပြနိုင်တဲ့ ပြင်ဆင်မှုမျိုး ပြုလုပ်သွားဖို့လိုကြောင်း ပြောကြားခဲ့ပါတယ်။

မစ္စ တာကာချိ ဆာနာအဲဟာ နိုင်ငံရေးအရ သဘောထားတင်းမာသူတစ်ဦး ဖြစ်တယ်လို့ နာမည်ထွက်သူဖြစ်ပါတယ်။ ၎င်းဟာ ဂျပန်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရေးကို ထောက်ခံသူဖြစ်သလို တောင်ကိုရီးယားနိုင်ငံ၊ တရုတ်နိုင်ငံတို့နဲ့ သမိုင်းကြောင်းအရ အငြင်းပွားဖွယ်ဖြစ်နေတဲ့ ယာဆုကုနိဘုရားကျောင်းကို ဝန်ကြီးတာဝန်တွေ ထမ်းဆောင်နေချိန်မှာ မကြာခဏ သွားရောက်ဝတ်ပြုဆုတောင်းသူတစ်ဦးလည်း ဖြစ်ပါတယ်။ စီးပွားရေးအပိုင်းမှာတော့ ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးရဲ့ Abenomics policy ကို အကောင်အထည်ဖော်သွားမယ့် အနေအထားမှာ ရှိပါတယ်။ ဂျပန်နိုင်ငံရေးမှာ အမျိုးသမီးတွေ ပါဝင်မှုနည်းပါးနေတယ်၊ လွှတ်တော်အမတ်စုစုပေါင်းရဲ့ ၁၂ ရာခိုင်နှုန်းသာလျှင် အမျိုးသမီးတွေဖြစ်တယ်။ ဒါကြောင့် အမျိုးသမီးဝန်ကြီးချုပ်တစ်ဦးပေါ်ထွက်လာရေး တောင်းဆိုမှုတွေ ရှိနေတဲ့အတွက် မစ္စ တာကာချိ ဆာနာအဲဟာ သူတို့တွေရဲ့ဆန္ဒကို ဖြည့်ဆည်းပေးနိုင်မယ့် အလားအလာရှိသူတစ်ဦး ဖြစ်ပါတယ်။ သို့သော်လည်း သူ့ကို အပြည့်အဝထောက်ခံမှုပေးခဲ့တဲ့ ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး မရှိချိန်မှာ သူ့ကိုထောက်ခံမှုပေးမယ့်သူတွေ ရရှိဖို့ ကြိုးစားရမှာ ဖြစ်ပါတယ်။ ပါတီတွင်းက သဘောထားတင်းမာသူတွေရဲ့ ထောက်ခံမှုကို ရရှိနိုင်သူ ဖြစ်ပါတယ်။



ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးဝန်ကြီး တာရို ကိုနို။

- ❏ **လွှတ်တော်တွင်းမှာ မထင်မရှား နောက်ဆုံးတန်းက ခုံတွေမှာ ထိုင်နေကြသော်လည်း မူဝါဒရေးရာ၊ လူပုဂ္ဂိုလ်ရေးရာနဲ့ ရာထူးနေရာတွေကို စီမံခန့်ခွဲကြသူတွေ**
- ❏ **ဘယ်သူက ဝန်ကြီးချုပ် ဖြစ်သင့်တယ်၊ ဘယ်သူက ဝန်ကြီး ဖြစ်သင့်တယ်၊ ပါတီတွင်းမှာ ဘယ်နေရာက ထမ်းဆောင်သင့်တယ်ဆိုတာတွေကို လေ့လာပြီး ဖြစ်အောင်လည်း နည်းလမ်းတွေ ရှာကြံအသုံးပြုကြသူတွေဖြစ်**
- ❏ **သူတို့ကို Kingmaker လို့ ခေါ်ကြ**

**(၄) ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေးဝန်ကြီး တာရို ကိုနို (Taro Kono)**

လက်ရှိဝန်ကြီးချုပ် ကီရှီဒါဦးဆောင်တဲ့ အစိုးရအဖွဲ့မှာ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေတဲ့ တာရိုကိုနိုကလည်း အယ်လ်ဒီပီပါတီဥက္ကဋ္ဌ ရွေးချယ်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားမယ်လို့ ဩဂုတ်လ ၂၆ ရက်နေ့က တရားဝင်ကြေညာခဲ့ပါတယ်။ ၁၉၆၃ ခုနှစ်မှာ မွေးဖွားခဲ့တဲ့အတွက် အသက် ၆၁ နှစ် ရှိပြီဖြစ်တဲ့ တာရို ကိုနိုဟာ နိုင်ငံရေးမျိုးရိုးက ဆင်းသက်လာသူတစ်ဦး ဖြစ်ပါတယ်။ သူ့ရဲ့ ဖခင်ဖြစ်သူ Yohei Kono ဟာ ဂျပန်နိုင်ငံခြားရေးဝန်ကြီးအဖြစ် ၁၉၉၉ ခုနှစ်ကနေ ၂၀၀၁ ခုနှစ်အထိ ထမ်းဆောင်ခဲ့ပြီး အောက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် ၂၀၀၃ ခုနှစ်ကနေ ၂၀၀၉ ခုနှစ်အထိ ထမ်းဆောင်ခဲ့သူ ဖြစ်ပါတယ်။ တာရို ကိုနိုဟာ အမေရိကန်နိုင်ငံ ဂျော့ချ်တောင်းတက္ကသိုလ်မှာ ပညာသင်ကြားခဲ့ပြီး ၁၉၉၆ ခုနှစ်မှာ အောက်လွှတ်တော်အမတ်အဖြစ် ရွေးချယ်ခံရပြီး နိုင်ငံရေးလောကထဲ စတင်ဝင်ရောက်ခဲ့ပါတယ်။ တာရိုကိုနိုဟာ အယ်လ်ဒီပီပါတီ အာဏာလက်လွှတ်ဆုံးရှုံးခဲ့ရတဲ့ ၂၀၀၉ ခုနှစ်မှာ အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌရာထူးနေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ရှုံးနိမ့်ခဲ့ပါတယ်။

၂၀၁၂ ခုနှစ်မှာ အယ်လ်ဒီပီပါတီ အာဏာပြန်လည်ရရှိခဲ့ပြီး ရှင်ဇိုအာဘေး အယ်လ်ဒီပီပါတီဥက္ကဋ္ဌနဲ့ ဝန်ကြီးချုပ်ဖြစ်လာတဲ့အချိန်မှာ တာရိုကိုနိုကို အစိုးရအဖွဲ့အတွင်းမှာ ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ အုပ်ချုပ်မှုစနစ် ပြုပြင်ပြောင်းလဲရေးဝန်ကြီး (Minister in charge of Administrative Reform)၊ ၂၀၁၇ ခုနှစ်မှာ နိုင်ငံခြားရေးဝန်ကြီး၊ ၂၀၁၉ ခုနှစ်မှာ ကာကွယ်ရေးဝန်ကြီးအဖြစ် အသီးသီးတာဝန်ပေးအပ်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ ရှင်ဇိုအာဘေး ဝန်ကြီးချုပ်ရာထူးမှအနားယူပြီး ယိုရှိဟီဒေးဆုဂ ဝန်ကြီးချုပ်ဖြစ်လာချိန်မှာလည်း တာရိုကိုနိုကို အုပ်ချုပ်မှုစနစ် ပြုပြင်ပြောင်းလဲရေးဝန်ကြီးအဖြစ် တာဝန်ပေးခန့်အပ်ခဲ့ပါတယ်။ ဒ့ါအပြင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ဆေးတွေပေါ်လာတော့ ဂျပန်နိုင်ငံတစ်ဝန်းမှာ ကာကွယ်ဆေးတွေ ထိုးနှံနိုင်ဖို့ တာဝန်ခံအဖြစ်လည်း တာဝန်ပေးခံခဲ့ရပါတယ်။ တာရို ကိုနိုဟာ ၂၀၂၁ ခုနှစ်

*စာမျက်နှာ ၁၇ သို့*



စီးပွားရေးလုံခြုံမှုရရှိရေးဝန်ကြီး တာကာချိ ဆာနာအဲ။



အယ်လ်ဒီပီပါတီ အထွေထွေအတွင်းရေးမှူး ရှီဂဲရု မိုတေဂီ။



နိုင်ငံခြားရေးဝန်ကြီး ယိုကို ကာမီကာဝါ။

*စာမျက်နှာ ၁၆ မှ*

စက်တင်ဘာလမှာ ပြုလုပ်တဲ့ အယ်လ်ဒီပီပါတီဥက္ကဋ္ဌရာထူးနေရာအတွက် ဝန်ကြီးချုပ် ယိုရှီဟီဒေးဆုဂရဲ့ ထောက်ခံမှုနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ဒီလို ဝင်ရောက် ယှဉ်ပြိုင်ရာမှာ တာရို ကိုနိုနဲ့ ဖူမီယို ကီရှီဒါတို့ နှစ်ဦးဟာ မဲအများဆုံး ရရှိခဲ့ကြသော်လည်း ဘယ်သူမှ မဲအပြတ်အသတ် မရရှိကြတဲ့အတွက် သူတို့ နှစ်ဦးကို ဒုတိယအကျော့ ရွေးချယ်ကြရာမှာ ဖူမီယို ကီရှီဒါက အနိုင်ရရှိသွားခဲ့ပါတယ်။ ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါဟာ တာရို ကိုနိုကို ၂၀၂၂ ခုနှစ်မှာ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးဝန်ကြီး အဖြစ် တာဝန်ပေးခန့်အပ်ခဲ့ပါတယ်။

တာရို ကိုနိုဟာ အယ်လ်ဒီပီပါတီအတွင်းမှာ အလယ်အလတ် သဘောထားရှိသူတစ်ဦး ဖြစ်ပါတယ်။ အစိုးရအဖွဲ့အတွင်းမှာ အရေးကြီးတာဝန်တွေ ထမ်းဆောင်ဖူးတဲ့ အတွေ့အကြုံတွေ များပြားတာရယ်၊ လူမှုကွန်ရက်တွေကနေတစ်ဆင့် လူထုနဲ့ ထိတွေ့ဆက်ဆံမှု များပြားတာကြောင့် ဂျပန်ပြည်တွင်းမှာသာမက နိုင်ငံတကာမှာလည်း လူသိများသူ တစ်ဦးလည်းဖြစ်ပါတယ်။ သို့သော်လည်း နိုင်ငံတွင်း စွမ်းအင်သုံးစွဲရေးအတွက် အဏုမြူစွမ်းအင်ကို လျှော့ချသွားဖို့ သဘောထားရှိသူတစ်ဦး ဖြစ်တာကြောင့် ပါတီတွင်းမှာ သဘောမကျသူတွေလည်း ရှိပါတယ်။ တာရိုကိုနိုဟာ အယ်လ်ဒီပီပါတီ ဒုတိယဥက္ကဋ္ဌ တာရိုအာဆိုရဲ့ အစုအဖွဲ့ (Aso faction) မှာ အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိနေတဲ့အတွက် Aso faction ရဲ့ ထောက်ခံမှုရရှိနိုင်ဖို့ ကြိုးစားလျက်ရှိပါတယ်။ ဝန်ကြီးချုပ်ဟောင်း ယိုရှီဟီဒေးဆုဂ ကတော့ တာရို ကိုနိုကို Aso faction ကနေနုတ်ထွက်ဖို့ တိုက်တွန်းခဲ့သော်လည်း တာရို ကိုနိုက မနုတ်ထွက်တဲ့အတွက် ယိုရှီဟီဒေးဆုဂ က မကျေမနပ် ဖြစ်နေတယ်လို့ သိရပါတယ်။

၂၀၂၁ ခုနှစ် စက်တင်ဘာလအတွင်း အယ်လ်ဒီပီပါတီဥက္ကဋ္ဌရာထူး ရွေးချယ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်စဉ် အမှတ်အများဆုံး ရရှိခဲ့သူ နှစ်ဦးထဲမှာ ပါဝင်ခဲ့ပြီး ဒုတိယအကြိမ် ရွေးချယ်မှုမှာ ကီရှီဒါကို မဲအနည်းငယ်နဲ့ ရှုံးနိမ့်ခဲ့တာဖြစ်လို့ စောင့်ကြည့်ရမယ့်သူတစ်ဦး ဖြစ်ပါတယ်။

**(၅) အယ်လ်ဒီပီပါတီ အထွေထွေအတွင်းရေးမှူး ရှီဂဲရု မိုတေဂီ (Shigeru Motegi)**

အယ်လ်ဒီပီပါတီရဲ့ အထွေထွေအတွင်းရေးမှူး အဖြစ် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိတဲ့ မစ္စတာ ရှီဂဲရု မိုတေဂီကလည်း ပါတီဥက္ကဋ္ဌရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်မယ်လို့ စက်တင်ဘာလ ၄ ရက်နေ့က တရားဝင်ထုတ်ဖော်ကြေညာခဲ့ပါတယ်။ ရှီဂဲရု မိုတေဂီဟာ တိုကျိုတက္ကသိုလ်၊ John F. Kennedy School of Government တို့မှာ ပညာသင်ကြားခဲ့ပြီး ၁၉၉၃ ခုနှစ်မှာ Japan New Party ကနေ အောက်လွှတ်တော်အမတ်အဖြစ် နိုင်ငံရေးလောကထဲ စတင်ဝင်ရောက်ခဲ့ပါတယ်။ Japan New Party ဖျက်သိမ်းခဲ့ပြီးနောက် အယ်လ်ဒီပီပါတီဝင် ဖြစ်လာခဲ့ပါတယ်။

မစ္စတာရှီဂဲရုမိုတေဂီဟာဝန်ကြီးချုပ်ရှင်ဇိုအာဘေး လက်ထက်မှာ ၂၀၁၂ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အထိ စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ စက်မှုဝန်ကြီး၊ ၂၀၁၉ ခုနှစ်ကနေ ၂၀၂၁ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီး အဖြစ် အစိုးရအဖွဲ့အတွင်းမှာ တာဝန်တွေ ထမ်းဆောင်ခဲ့သူဖြစ်တာကြောင့် လက်ရှိ ဂျပန်နိုင်ငံ ရင်ဆိုင်နေရတဲ့ နိုင်ငံတကာစိန်ခေါ်မှုတွေကို ကိုင်တွယ်ဖြေရှင်းသွားနိုင်မယ်လို့ ထောက်ခံသူတွေက ပြောကြားကြပါတယ်။ ရှီဂဲရု မိုတေဂီဟာ လွှတ်တော်အမတ် ၄၀ အဖွဲ့ဝင်အဖြစ် ပါဝင်တဲ့ မိုတေဂီအစုအဖွဲ့ (Motegi faction) ရဲ့ ခေါင်းဆောင်တစ်ဦးဖြစ်သလို လွှတ်တော်အမတ် ၅၄ ဦး အဖွဲ့ဝင်အဖြစ်ပါဝင်တဲ့ အာဆိုအဖွဲ့ (Aso faction) ရဲ့ ခေါင်းဆောင် မစ္စတာတာရိုအာဆိုနဲ့လည်း နီးကပ်တဲ့ ဆက်ဆံရေးရှိတာကြောင့် Aso faction ရဲ့ ထောက်ခံမှုကိုလည်း ရရှိနိုင်မယ်လို့ မျှော်လင့်နိုင်ပါတယ်။ သို့သော်လည်း ဝန်ကြီးချုပ်နေရာကို ဝင်ရောက်ယှဉ်ပြိုင်မယ့် နောက်တစ်ဦးဖြစ်တဲ့ ဒစ်ဂျစ်တယ်ပြုပြင်ပြောင်းလဲရေးဝန်ကြီး တာရို ကိုနိုဟာ Aso faction အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့အတွက် ဒီအချက်ကိုလည်း ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။

၁၉၅၅ ခုနှစ်မှာ မွေးဖွားခဲ့တဲ့အတွက် အသက် ၆၉ နှစ် ရှိပြီဖြစ်တဲ့ ရှီဂဲရုမိုတေဂီဟာ ဂျပန်ပြည်တွင်းမှာ လူသိနည်းပါးသူတစ်ဦးဖြစ်သလို သူ့ကိုယ်ပိုင်အစုအဖွဲ့ (Motegi faction) ဝင် အယ်လ်ဒီပီပါတီတွင်းက အဆင့်မြင့်မူဝါဒရေးရာကျွမ်းကျင်သူတွေနဲ့လည်း ဆက်ဆံရေးအဆင်ပြေမှုနည်းပါးတာကြောင့် အချို့နုတ်ထွက်မှုတွေ ရှိခဲ့ပါတယ်။

**(၆) နိုင်ငံခြားရေးဝန်ကြီး ယိုကို ကာမီကာဝါ (Yoko Kamikawa)**

ဝန်ကြီးချုပ် ကီရှီဒါလက်ထက် ၂၀၂၃ ခုနှစ် စက်တင်ဘာလကစတင်ပြီး နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိတဲ့ မစ္စစ် ယိုကို ကာမီကာဝါကလည်း သူ့အနေနဲ့ အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်မယ်လို့ ဩဂုတ်လ ၂၅ ရက်နေ့က တရားဝင်ထုတ်ဖော်ကြေညာခဲ့ပါတယ်။ ယိုကို ကာမီကာဝါဟာ တိုကျိုတက္ကသိုလ်ကနေ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်နဲ့ ဘွဲ့ရရှိခဲ့ပြီး Harvard Kennedy School ကနေ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မူဝါဒနဲ့ မဟာဘွဲ့ ရရှိခဲ့ပါတယ်။ ယိုကိုကာမီကာဝါဟာ ၂၀၀၀ ပြည့်နှစ်မှာ အယ်လ်ဒီပီပါတီကနေ အောက်လွှတ်တော် အမတ်အဖြစ် ရွေးချယ်ခံရပြီး နိုင်ငံရေးလောကထဲ စတင်ဝင်ရောက်ခဲ့ပါတယ်။ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနဲ့ ဝန်ကြီးချုပ် ယိုရှီဟီဒေးဆုဂတို့ လက်ထက်မှာ ကျားမ တန်းတူညီမျှရေးနဲ့ လူမှုရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနဲ့ တရားရေးဝန်ကြီး တာဝန်တွေကို ထမ်းဆောင်ခဲ့ပါတယ်။

ယိုကို ကာမီကာဝါဟာ ၁၉၅၃ ခုနှစ်မှာ မွေးဖွားခဲ့တဲ့အတွက် အသက် ၇၁ နှစ်ရှိပြီ ဖြစ်ပါတယ်။ လွှတ်တော်အမတ်အဖြစ်လည်း သက်တမ်း ခုနစ်ကြိမ် ရွေးချယ်ခံထားရသူ ဖြစ်ပါတယ်။ ယိုကို ကာမီကာဝါဟာ တရားရေးဝန်ကြီးအဖြစ် သုံးကြိမ်တိုင်တိုင် ခန့်အပ်တာဝန်ပေးအပ်ခံခဲ့ရသလို ၁၉၉၅ ခုနှစ် မတ်လအတွင်း တိုကျိုမြေအောက်ဘူတာရုံမှာ ဆာရင်အဆိပ်ဓာတ်ငွေ့တွေ ထုတ်လွှတ် တိုက်ခိုက်မှု ကျူးလွန်ခဲ့တဲ့ Aum Shinrikyo အဖွဲ့ဝင်တွေအနက် နောက်ဆုံးသေဒဏ်ပေးဖို့ ကျန်ရှိနေသူ ၁၃ ဦးကို သေဒဏ်စီရင်ဖို့ အမိန့်ကို သူ တရားရေးဝန်ကြီး တာဝန် ထမ်းဆောင်နေချိန် ၂၀၁၈ ခုနှစ် ဇူလိုင်လမှာ လက်မှတ်ရေးထိုးခဲ့သူအဖြစ် ပြည်သူတွေအကြား လူသိများသူ ဖြစ်ပါတယ်။ အစိုးရအဖွဲ့ဝင်ဝန်ကြီးရာထူးအမျိုးမျိုးမှာ တာဝန်ထမ်းဆောင်ရာမှာ လုပ်ငန်းကို တည်တည်ငြိမ်ငြိမ်နဲ့ ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်သူတစ်ဦးဖြစ်တယ်လို့ နာမည်ကောင်း ထွက်ရှိပါတယ်။

အယ်လ်ဒီပီပါတီရဲ့ ဒုတိယဥက္ကဋ္ဌ တာရို အာဆိုကလည်း ယိုကို ကာမီကာဝါရဲ့ လုပ်ငန်းစွမ်းဆောင်ရည်ရှိမှုအပေါ် အားရကျေနပ်မှုရှိတယ်လို့ ပြောဖူးပါတယ်။ သို့သော်လည်း ကာမီ ကာဝါဟာ နိုင်ငံရေးမှာ လူထုကို စည်းရုံးဆွဲဆောင်နိုင်စွမ်း အားနည်းသူဖြစ်တယ်လို့ အယ်လ်ဒီပီပါတီတွင်းမှာ ပြောဆိုမှုတွေ ရှိနေပါတယ်။ ယိုကို ကာမီကာဝါဟာ ဖျက်သိမ်းခဲ့တဲ့ ဝန်ကြီးချုပ် ကီရှီဒါရဲ့ အစုအဖွဲ့ (Kishida faction) အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။

**(၇) စီးပွားရေးလုံခြုံမှုရရှိရေး ဝန်ကြီးဟောင်း တာကာယူကီ ကိုဘာယာရှိ (Takayuki Kobayashi)**

ဝန်ကြီးချုပ် ကီရှီဒါလက်ထက်မှာ ၂၀၂၁ ခုနှစ်ကနေ ၂၀၂၂ ခုနှစ်အထိ စီးပွားရေးလုံခြုံမှုရရှိရေး ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ မစ္စတာ တာကာယူကီ ကိုဘာယာရှိ (Takayuki Kobayashi) က သူ့အနေနဲ့ အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌ ရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်မယ်လို့ ဩဂုတ်လ ၁၉ ရက်နေ့က တရားဝင်ထုတ်ဖော်ကြေညာခဲ့ပါတယ်။ တာကာယူကီ ကိုဘာယာရှိဟာ တိုကျိုတက္ကသိုလ်၊ Harvard Kennedy School တို့မှာ ပညာသင်ကြားခဲ့ပြီး ၂၀၁၂ ခုနှစ်မှာ အယ်လ်ဒီပီပါတီကနေ အောက်လွှတ်တော် အမတ်အဖြစ် ရွေးချယ်ခံရပြီး နိုင်ငံရေးလောကထဲ စတင်ဝင်ရောက်ခဲ့ပါတယ်။ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးလက်ထက် ၂၀၁၆ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အထိ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အဖြစ် ထမ်းဆောင်ခဲ့ပါတယ်။

၁၉၇၄ ခုနှစ်မှာ မွေးဖွားခဲ့လို့ အသက် ၅၀ သာရှိတဲ့ ကိုဘာယာရှိဟာ အယ်လ်ဒီပီပါတီဥက္ကဋ္ဌရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်မယ့် ကိုယ်စားလှယ်တွေအနက် ရှင်ဂျီရို ကိုအိဇုမိ ပြီးရင် နောက်ထပ်လူလတ်ပိုင်း မျက်နှာသစ်တစ်ဦး ဖြစ်ပါတယ်။ ကိုဘာယာရှိဟာ အောက်လွှတ်တော်အမတ် သက်တမ်းလေးကြိမ်သာရှိသေးတဲ့အတွက် ပြည်သူလူထုအကြား လူသိ သိပ်မများသေးသူတစ်ဦး ဖြစ်ပါတယ်။



စီးပွားရေးလုံခြုံမှုရရှိရေး ဝန်ကြီးဟောင်း တာကာယူကီ ကိုဘာယာရှိ။

ကိုဘာယာရှိဟာ အပြုသဘောဆောင်တဲ့ အမြင်ရှိသူ တစ်ဦးအဖြစ် ပါတီတွင်းမှာ လူသိများပြီး ဂျပန်နိုင်ငံအတွက် စီးပွားရေးလုံခြုံမှုရှိရေးဟာ အလွန်အရေးကြီးတယ်လို့ ထောက်ပြပြီး မူဝါဒတွေကို အစောပိုင်းကတည်းက တင်ပြဆွေးနွေးခဲ့တဲ့ အမတ်တစ်ဦး ဖြစ်ပါတယ်။ ဒါကြောင့် ဝန်ကြီးချုပ် ကီရှီဒါ လက်ထက် ၂၀၂၁ ခုနှစ်မှာ အရင်ကမရှိခဲ့တဲ့ စီးပွားရေးလုံခြုံမှုရှိရေးဆိုင်ရာ ဝန်ကြီးဌာနတစ်ခုကို ဖွဲ့စည်းပြီး ကိုဘာယာရှိကို ဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခဲ့ပါတယ်။

ကိုဘာယာရှိဟာ အယ်လ်ဒီပီပါတီတွင်းမှာ လူငယ်ပိုင်းနဲ့ လူလတ်ပိုင်း လွှတ်တော်အမတ်တွေရဲ့ ထောက်ခံမှုကို ရရှိနိုင်မယ့်အလားအလာတွေရှိသလို အယ်လ်ဒီပီပါတီဥက္ကဋ္ဌရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်ဖို့ လိုအပ်တဲ့ လွှတ်တော်အမတ် ၂၀ ရဲ့ ထောက်ခံမှုကိုလည်း ရရှိထားပြီးဖြစ်ပါတယ်။ သို့သော်လည်း သတင်းစာရှင်းလင်းပွဲတစ်ခုမှာ ကိုဘာယာရှိက နိုင်ငံရေးရန်ပုံငွေ အရှုပ်တော်ပုံမှာ ပါဝင်နေတဲ့အတွက် အရေးယူအပြစ်ပေးခံခဲ့ရတဲ့ အယ်လ်ဒီပီ ပါတီဝင်တွေရဲ့ ပြစ်ဒဏ်တွေ လျှော့ပေါ့ပေးရေးအတွက် စဉ်းစားပေးမယ်လို့ ပြောဆိုခဲ့တဲ့အပေါ် ဝေဖန်ခံနေရတဲ့အပြင် သူ့ရဲ့ ပြိုင်ဘက်တွေက ဒီအချက်အပေါ် အလေးပေးပြီး တိုက်ခိုက်လာမှုတွေလည်း ရှိလာနိုင်ပါတယ်။

**(၈) အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ်ဟောင်း ကာဆုနိုဘူ ကာတို (Katsunobu Kato)**

မစ္စတာ ကာဆုနိုဘူ ကာတိုဟာ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးလက်ထက်မှာ ကျန်းမာရေး၊ အလုပ်သမားနဲ့ လူမှုဖူလုံရေးဝန်ကြီးအဖြစ် နှစ်ကြိမ်ဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ပါတယ်။

*စာမျက်နှာ ၁၈ သို့*

❖ **လာမယ့် အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌရွေးချယ်ပွဲမှာ Kingmaker နှစ်ဦးရှိလာနိုင်တယ်လို့ ခန့်မှန်းသုံးသပ်နေကြ။ ဖျက်သိမ်းခြင်းမရှိဘဲ တစ်ခုတည်းကျန်ရှိနေတဲ့ Aso faction ကို ဦးဆောင်နေတဲ့ အယ်လ်ဒီပီပါတီ လက်ရှိဒုတိယဥက္ကဋ္ဌ တာရိုအာဆိုနဲ့ faction နိုင်ငံရေးစနစ်ကို လုံးဝကြိုက်နှစ်သက်ခြင်းမရှိတဲ့ ဝန်ကြီးချုပ်ဟောင်း ယိုရှီဟီဒေး ဆုဂတို့ဖြစ်**

❖ **အခုအချိန်မှာ faction နိုင်ငံရေးစနစ်နဲ့ ကီရှီဒါ အစိုးရအပေါ် လူထုယုံကြည်မှုနဲ့ ထောက်ခံမှု အနိမ့်ဆုံးကျဆင်းနေချိန်မှာ ဝန်ကြီးချုပ်ဟောင်း ယိုရှီဟီဒေး ဆုဂအပေါ် ပြည်သူလူထုနဲ့ faction နိုင်ငံရေးစနစ်ကို နှစ်သက်ခြင်းမရှိကြတဲ့ အယ်လ်ဒီပီ လွှတ်တော်အမတ်တွေရဲ့ မျှော်လင့်ချက်တွေ ပြန်လည်မြင့်မားလာခဲ့**

*စာမျက်နှာ ၁၇ မှ*

ဝန်ကြီးချုပ် ယိုရှီဟီဒေး ဆုဂ လက်ထက်မှာ ၂၀၂၀ ပြည့်နှစ်ကနေ ၂၀၂၁ ခုနှစ်အထိ အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ပါတယ်။ ဝန်ကြီးချုပ် ကီရှီဒါ လက်ထက်မှာ ၂၀၂၂ ခုနှစ်ကနေ ၂၀၂၃ ခုနှစ်အထိ ကျန်းမာရေး၊ အလုပ်သမားနဲ့ လူမှုဖူလုံရေးဝန်ကြီးအဖြစ် ထမ်းဆောင်ခဲ့ပါတယ်။ သူ့အနေနဲ့ အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်သွားမယ်လို့ စက်တင်ဘာလ ၁၀ ရက်နေ့က တရားဝင်ထုတ်ဖော်ကြေညာခဲ့ပါတယ်။ ကာဆုနိုဘူ ကာတိုဟာ တိုကျိုတက္ကသိုလ်မှာ စီးပွားရေးဘာသာရပ်ကို လေ့လာဆည်းပူးခဲ့ပြီး နိုင်ငံရေးလောကထဲ မဝင်ရောက်မီအချိန်အထိ ဘဏ္ဍာရေးဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

၁၉၅၅ ခုနှစ်မှာ မွေးဖွားခဲ့လို့ အသက် ၆၉ နှစ်ရှိပြီဖြစ်တဲ့ ကာဆုနိုဘူ ကာတိုဟာ ၂၀၀၃ ခုနှစ်မှာ အယ်လ်ဒီပီပါတီကနေ အောက်လွှတ်တော်အမတ်အဖြစ် ရွေးချယ်ခံရပြီး နိုင်ငံရေးလောကထဲ စတင်ဝင်ရောက်ခဲ့ပါတယ်။ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးရဲ့ ယုံကြည်မှုကို ရရှိသူတစ်ဦး ဖြစ်တယ်လို့ သိရပါတယ်။ ကာဆုနိုဘူ ကာတိုက သူ့အနေနဲ့ ရွေးချယ်ခံခဲ့ရရင် သူအစိုးရအဖွဲ့ အဆက်ဆက်မှာ အဆင့်မြင့်တာဝန်တွေ ထမ်းဆောင်ခဲ့တဲ့ အတွေ့အကြုံတွေ အပေါ်အခြေခံပြီး အိမ်ထောင်စုတိုင်း ဝင်ငွေ နှစ်ဆတိုးမြှင့်ရရှိလာရေး၊ ဂျပန်နိုင်ငံ မကြာခဏခံစားနေရတဲ့ သဘာဝဘေးအန္တရာယ်တွေကို ထိရောက်စွာ ကိုင်တွယ်တုံ့ပြန်ဆောင်ရွက်နိုင်ဖို့ ဗဟိုကစီမံခန့်ခွဲတဲ့ အေဂျင်စီတစ်ရပ် တည်ထောင်သွားပြီး အားကောင်းကြံ့ခိုင်တဲ့ ဂျပန်နိုင်ငံအဖြစ် တည်ဆောက်သွားမယ်လို့ ပြောကြားခဲ့ပါတယ်။ ကာဆုနိုဘူ ကာတိုဟာ အယ်လ်ဒီပီပါတီရဲ့ လက်ရှိ အထွေထွေအတွင်းရေးမှူး တိုရှီမစ်ဆု မိုတေဂီရဲ့ အစုအဖွဲ့ (Motegi faction) ဝင် တစ်ဦးဖြစ်တာကြောင့် အဖွဲ့ခေါင်းဆောင်နဲ့ အဖွဲ့ဝင် နှစ်ဦးစလုံး ဝင်ရောက်ယှဉ်ပြိုင်ကြတာဟာ အစုအဖွဲ့နိုင်ငံရေး (factional politics) ပျက်ယွင်းလာမှုရဲ့ သာဓကတစ်ခု ဖြစ်ပါတယ်။

**(၉) အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ် ယိုရှီမာဆာ ဟာယာရှိ (Yoshimasa Hayashi)**

ဝန်ကြီးချုပ် ကီရှီဒါအစိုးရအဖွဲ့မှာ အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ်နဲ့ အစိုးရပြောရေးဆိုခွင့်ရပုဂ္ဂိုလ်အဖြစ် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိတဲ့ မစ္စတာ ယိုရှီမာဆာ ဟာယာရှိကလည်း ပါတီဥက္ကဋ္ဌရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်မယ်လို့ စက်တင်ဘာလ ၃ ရက်နေ့က တရားဝင်ထုတ်ဖော်ကြေညာခဲ့ပါတယ်။ ၁၉၆၁ ခုနှစ်မှာ မွေးဖွားခဲ့လို့ အသက် ၆၃ နှစ်ရှိပြီဖြစ်တဲ့ ယိုရှီမာဆာ ဟာယာရှိဟာ နိုင်ငံရေးမျိုးရိုးက ဆင်းသက်လာသူဖြစ်ပါတယ်။ သူ့ရဲ့ဖခင် ယိုရှီရှိ ဟာယာရှိဟာ ၁၉၈၀ နဲ့ ၁၉၉၀ ပြည့်နှစ်ကာလတွေမှာ ဘဏ္ဍာရေးဝန်ကြီး၊ ကျန်းမာရေးနဲ့ လူမှုဖူလုံရေးဝန်ကြီးအဖြစ် ထမ်းဆောင်ခဲ့သူ ဖြစ်ပါတယ်။

ယိုရှီမာဆာ ဟာယာရှိဟာ တိုကျိုတက္ကသိုလ်၊ Harvard Kennedy School တို့မှာ ပညာသင်ကြားခဲ့ပြီး ၁၉၉၅ ခုနှစ်မှာ အယ်လ်ဒီပီပါတီကနေ အထက်လွှတ်တော်အမတ်အဖြစ် ရွေးချယ်ခံရပြီး နိုင်ငံရေးလောကထဲ စတင်ဝင်ရောက်ခဲ့ပါတယ်။ ဝန်ကြီးချုပ် တာရိုအာဆို လက်ထက် ၂၀၀၈ ခုနှစ်မှာ ကာကွယ်ရေး



အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ်ဟောင်း ကာဆုနိုဘူ ကာတို။

ဝန်ကြီးအဖြစ် ခန့်အပ်ခဲ့သော်လည်း ကာလတိုတောင်းခဲ့ပါတယ်။ ဝန်ကြီးချုပ် ရှင်ဇိုအာဘေး လက်ထက် ၂၀၁၂ ခုနှစ်မှာ လယ်ယာစိုက်ပျိုးရေး၊ သစ်တောနဲ့ ငါးလုပ်ငန်းဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါ လက်ထက် ၂၀၂၁ ခုနှစ်မှာ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ၂၀၂၃ ခုနှစ်အထိ ထမ်းဆောင်ခဲ့သလို ၂၀၂၃ ခုနှစ်ကနေ အခုအချိန်အထိ အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ်နဲ့ အစိုးရပြောရေးဆိုခွင့်ရပုဂ္ဂိုလ်အဖြစ် ထမ်းဆောင်နေသူ ဖြစ်ပါတယ်။ ယိုရှီမာဆာ ဟာယာရှိဟာ ဖျက်သိမ်းခဲ့တဲ့ ဝန်ကြီးချုပ် ကီရှီဒါရဲ့ အစုအဖွဲ့ (Kishida faction) အဖွဲ့ဝင်တစ်ဦး ဖြစ်ပါတယ်။

ဂျပန်နိုင်ငံရဲ့ ဝန်ကြီးချုပ်ဖြစ်ဖို့ ဆန္ဒပြင်းပြသူတစ်ဦးဖြစ်တာကြောင့် အထက်လွှတ်တော် အမတ်အဖြစ် ရှိနေရာကနေ ၂၀၂၁ ခုနှစ်မှာ ပိုမိုလုပ်ပိုင်ခွင့်ရှိတဲ့ အောက်လွှတ်တော်အမတ်အဖြစ် ပြောင်းပြီး အရွေးချယ်ခံခဲ့သူဖြစ်ပါတယ်။

**ဝန်ကြီးချုပ်ဟောင်း အာဆိုနှင့် ဝန်ကြီးချုပ်ဟောင်း ဆုဂတို့၏ အားပြိုင်မှုဖြစ်မလား**

ဂျပန်နိုင်ငံရဲ့ နိုင်ငံရေးလောကမှာ နောက်ကွယ်ကနေ နိုင်ငံရေးကို လှုပ်ရှားကစားတဲ့ အလေ့အထရှိပါတယ်။ ဂျပန်မှာတော့ Backbench politics လို့ ခေါ်ပါတယ်။ အဓိကအားဖြင့် ဝန်ကြီးချုပ်ဟောင်းတွေ၊ လွှတ်တော်မှာ အရေးပါတဲ့တာဝန်တွေ ထမ်းဆောင်ခဲ့သူတွေက သူတို့ရဲ့ ပါတီတွင်းလွှမ်းမိုးမှုကို အသုံးပြုပြီး နိုင်ငံရေးကျားကွက်ရွှေ့ ကစားကြတာဖြစ်ပါတယ်။ လွှတ်တော်တွင်းမှာ မထင်မရှားနောက်ဆုံးတန်းက ခုံတွေမှာ ထိုင်နေကြသော်လည်း မူဝါဒရေးရာ၊ လူပုဂ္ဂိုလ်ရေးရာနဲ့ ရာထူးနေရာတွေကို စီမံခန့်ခွဲကြသူတွေ ဖြစ်ပါတယ်။ ဘယ်သူက ဝန်ကြီးချုပ် ဖြစ်သင့်တယ်၊ ဘယ်သူက ဝန်ကြီးဖြစ်သင့်တယ်၊ ပါတီတွင်းမှာ ဘယ်နေရာက ထမ်းဆောင်သင့်တယ်ဆိုတာတွေကို လေ့လာပြီး ဖြစ်အောင်လည်း နည်းလမ်းတွေ ရှာကြံအသုံးပြုကြသူတွေ ဖြစ်ပါတယ်။ သူတို့ကို Kingmaker လို့ ခေါ်ပါတယ်။ ဥပမာအချို့အနေနဲ့ ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး တို့လို၊ အယ်လ်ဒီပီပါတီ အထွေထွေအတွင်းရေးမှူးဟောင်း တိုရှီဟီရို နီကိုင် (Toshihiro



အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ် ယိုရှီမာဆာ ဟာယာရှိ။

Nikai) တို့လို ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။

